ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ (9-1-2012) (၆၉၉၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်လေဆိပ်မှ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ပို့ဆောင်နှုတ်ဆက်

ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် **အား** ဒုတိယတပ်မတော် **ကာကွယ်ရေးဦးစီးချုပ်** ကာကွယ် **ရေးဦးစီးချုပ်(ကြည်း)** ဒုတိယ **ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်** တာဝန် **ရှိသူများက** နေပြည်တော် **လေဆိပ်၌** ပို့ဆောင်နှုတ်ဆက်ကြ **စဉ်။** (သတင်းစဉ်)

ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေး ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ချင်းပြည်နယ် အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၆ ရက်တွင် ချင်းပြည်နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး၊ ပြည်နယ်ဥပဒေချုပ် ဦးကပ္ပတီအယ်လ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ချင်းအမျိုးသားတပ်ဦး (CNF)

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးနှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာရွှေခါးတို့ ပဏာမသဘောတူညီချက်စာချုပ်ကို အပြန်အလှန်လဲလှယ်ကြစဉ်။
(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၉-၁-၂၀၁၂[တနင်္လာနေ့]။

ရိုသေမှုနှင့် လေးစားမှု

ရိုသေခြင်းဟူသည်ကို မြန်မာတို့က ကြီးသူကိုရိုသေဟု ဆိုကြသည်။ ကြီးသူတို့အား အမြဲအရိုအသေပြုသူတို့မှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသည့် အကျိုးများရသည်ဟု ဆိုထားသည်။ မြန်မာတို့က ယင်းအဆုံးအမကို လက်ကိုင်ထား လိုက်နာသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုတွင် ရိုသေမှုကို အခြေခံထားသည်။

ရိုသေမှုဟူရာ၌ ပုဂ္ဂလ ပုဂ္ဂိုလ်ကိုရိုသေရသကဲ့သို့ ဓမ္မကိုလည်း ရိုသေရသည်။ သက်ရှိတို့ကို ရိုသေရသကဲ့သို့ သက်မဲ့တို့ကိုလည်း ရိုသေရသည်။ သူ့ကိုရိုသေသကဲ့သို့ ကိုယ့်ကိုယ်ကိုယ်လည်း ရိုသေရသည်။ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိမှာ လောကဓမ္မရိုသေအပ်သော တရားများသာဖြစ်သည်။ ရိုသေသမှုကို မည်သို့ဆိုဆို မြန်မာ့ယဉ်ကျေးမှုက မဏ္ဍိုင်ပြုသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ လူကြီးသူမအားလုံးကို ရိုသေကြသည်။

ရိုရိုသေသေပြော၊ ရိုရိုသေသေဆက်ဆံ၊ လက်အုပ်ချီမိုး၊ နေရာပေး၊ ခရီးဦးကြိုဆို၊ အရာရာဦးစားပေးခြင်းတို့သည် ရိုသေသမှုပြုခြင်းတို့သာ ဖြစ်သည်။ လူမှုအသုံးအဆောင်ပစ္စည်းများတွင်လည်း မည်သည့်ပစ္စည်းကို ဖြစ်စေ ရိုရိုသေသေ ကိုင်တွယ်သုံးစွဲရသည်။ ပစ္စည်းကိုရိုသေလျှင် ရိုသေသလောက် ကြာရှည်ခံသုံးစွဲနိုင်သည်။ ခြိုးခြံချွေတာရာလည်း ရောက်သည်။ ရှေးလူကြီးသူမများသည် ပစ္စည်းကိုအလွန်ရိုသေစွာသုံးစွဲကြသည်။ သူဌေးသူကြွယ်များသည် ပစ္စည်းကို အလွန်ရိုသေကြသည်။

သူတစ်ပါးကို ရိုသေဖို့လိုသကဲ့သို့ ကိုယ့်ကိုယ်ကိုယ်လည်းရိုသေရမည်။ ကိုယ့်ကိုယ်ကိုယ်ရိုသေမှ အခြားသူများကလည်း ရိုသေလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး ရိုသေမှုသည် လူမှုနယ်ပယ်တစ်ခုလုံးအတွက် အချင်းချင်းအပြန်အလှန် လေးစားမှု၊ အပြန်အလှန်နားလည်မှု ဖြစ်သည်။ ရိုသေသမှုနှင့် လေးစားသမှုတို့ကို မည်သည့်အဆင့်အလွှာနယ်ပယ်တွင်သုံးသုံး တန်ဖိုးရှိသည့် ပုဂ္ဂလဆက်ဆံဆောင်ရွက်မှု ဖြစ်သည်။

မြန်မာတို့က ရိုသေမှုနှင့်လေးစားမှုကို တွဲ၍သုံးကြသည်။ အမှန်တွင် ရိုသေလေးစားမှုမှာ တစ်ခုစီသာဖြစ်သည်။ အရှေ့ယဉ်ကျေးမှုက ရိုသေမှုကို အလေးထားသည်။ အနောက်ယဉ်ကျေးမှုက လေးစားမှုကို တန်ဖိုးထားသည်။ ရိုသေမှုက ကာယကံ၊ ဝစီကံနှင့်သက်ဆိုင်သည်။ လေးစားမှုက မနောကံနှင့် သက်ဆိုင်သည်။ ရိုသေမှုသည် ယဉ်ကျေးမှု၏ပြယုဂ်ဖြစ်ပြီး လေးစားမှုသည် မဖြစ်မနေဆောင်ရွက်ရမည့် အသိတရားဖြစ်သည်။ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်နှင့် ပြုဖွယ်များကို သိထားခြင်းဖြစ်သည်။

မြန်မာတို့က ငယ်သူကိုလေးစား၊ ကြီးသူကိုရိုသေဟု ဆိုကြပြန်သည်။ အမှန်တွင် ကြီးသူကို ရိုသေဖို့လိုသကဲ့သို့ အရွယ်သုံးပါးလုံးကို လေးစားဖို့လိုသည်။ လူမှန်သမျှ ဆင်းရဲချမ်းသာမရွေး၊ မျက်နှာကြီးငယ်မရွေး၊ ပညာတတ်၊ ပညာမတတ်မရွေး၊ ဂုဏ်ရှိ၊ ဂုဏ်မရှိမရွေး အားလုံးကို လေးစားသင့်သည်။ လူကိုလူကဲ့သို့ တန်ဖိုးထား၊ လူကိုလူကဲ့သို့ အသိအမှတ်ပြုကြပြီး လူအချင်းချင်း လေးလေးစားစားဆက်ဆံကြမည်ဆိုလျှင် လူ့ဘောင်လောကကြီး၏ မည်သည့်နယ်ပယ်တွင်မဆို အေးချမ်းသာယာသည့် နေချင့်စဖွယ် ရပ်ဝန်းဖြစ်လာပါမည်။

သို့ဖြစ်၍ မြန်မာတို့၏အစဉ်အလာ ဆိုစကားအတိုင်း ရိုသေလေးစားမှု(ရိုသေမှုနှင့် လေးစားမှု)ကို ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော စေတနာသုံးတန် ကိုင်စွဲသမှုပြု၍ မြန်မာ့လူ့ဘောင်နယ်ပယ်အားလုံးတွင် ကျင့်သုံးနိုင်ကြစေရန် ဆန္ဒပြုလိုက်ပါသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ဘီနင်နိုအကွီနိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဖိလစ်ပိုင်နိုင်ငံပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အမျိုးသားပြန်လည်ပေါင်းစည်းမှု၊ သာတူညီမျှဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံကြွယ်ဝချမ်းသာမှုတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ဖိလစ်ပိုင်နိုင်ငံက ကြိုဆိုထောက်ခံပါကြောင်း။

အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်မှုများသည် တွန်းအားတစ်ရပ်ဖြစ်လာမည်ဟု မိမိယုံကြည်ကြောင်း။

ဖိလစ်ပိုင်နှင့်မြန်မာ နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် ဘုံအရေးကိစ္စများ၌ မိတ်ဖက်အဖြစ် ဆက်လက်လက်တွဲနိုင်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာလာစေရန် မိမိမျှော်လင့်ပါကြောင်း ဖိလစ်ပိုင်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗူလာဘင် အဗ္ဗဒူလ် အဇစ်အယ်လ်ဆာအူဒ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဆော်ဒီအာရေဗျ ပြည်သူများနှင့် ဘုရင့်အစိုးရတို့ကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မြန်မာပြည်သူများအားလုံး တိုးတက်ကြီးပွား၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဆော်ဒီအာရေဗျဘုရင်မင်းမြတ်၏ သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

— — — — —

ဩစတြီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဟိန့်ဇ်ဖစ်ရှာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဩစတြီးယား ပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုအပ်ပါကြောင်း ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ၏ သဝဏ်လွှာ၌ ဖော်ပြပါရှိသည်။

— — — — —

အီရန်အစ္စလာမ့်စ် သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အီရန်အစ္စလာမ့်စ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွတ် အာမက်ဒီနီဂျက်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မြန်မာအစိုးရနှင့် ပြည်သူအပေါင်းအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အီရန်နှင့် မြန်မာတို့အကြား နှစ်နိုင်ငံအကျိုးစီးပွားများအလို့ငှာ အနာဂတ်တွင်လည်း မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့နိုင်ရန် မိမိမျှော်လင့်ထားပါကြောင်း။

မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် ပြည်သူအပေါင်း ပျော်ရွှင်ချမ်းသာ၍ အဆွေတော်သမ္မတကြီးလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရန် မိမိဆုမွန်ကောင်းတောင်းအပ်ပါကြောင်း အီရန်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၆။ လျှပ်တစ်ပြက်
၄း၅၀ ၇။ ဗွီစီဒီကျော်ကြားတေး
၄း၅၅ ၈။ မီးသတိပြု
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၆၉)**
၆း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၃၉)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၄)**
၂၄။ Mini Series

မိခင်ကြီး ဒေါ်ညွန့်မြိုင် (ဆရာမကြီး-ငြိမ်း)အား ရည်စူး၍ ကျိုက်လတ်မြို့နေ ဖခင်ကြီး ဦးသန်းတင်၊ ဦးအောင်ငွေ-ဒေါ်ခင်ချိုဦး၊ ဦးကြီးမြင့်-ဒေါ်ထားထားမြင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံ(ရန်ကုန်)သို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ခြောက်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်ငြိမ်း လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၈ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၇၀၀၀	၀. ၀၃၁၅၅
တရုတ် (ယွမ်)	၆. ၃၀၈၅၀	၀. ၁၅၈၅၂
အိန္ဒိယ (ရူပီး)	၅၂. ၇၂၂၅	၀. ၀၁၈၉၇
မလေးရှား (ရင်းဂစ်)	၃. ၁၄၅၀၀	၀. ၃၁၇၉၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၃၁၀	၀. ၇၇၃၃၄
ဂျပန် (ယန်း)	၇၆. ၉၉၀၀	၀. ၀၁၂၉၉
တောင်ကိုရီးယား(ဝမ်)	၁၁၆၀. ၀၀	၀. ၀၀၀၈၆
ယူရို	၀. ၇၈၆၁၀	၁. ၂၇၂၁၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၈၂၆	၁. ၅၄၂၆၀

အင်တာနက်။

ယခုနှစ် မိုးကောင်း၍ ဆန်ဈေးကျ

ကန့်ဘလူ ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်း၊ကိုးတောင်ဘို့၊ကန့်ဘလူ ထန်းကုန်း၊ ဇီးကုန်း၊ ကာဘိုး၊ မလယ်စသော နယ်များတွင် ယခုနှစ် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးပါးစုံကောင်း၍ ကောက်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်ကြသဖြင့် ဆန်ဈေးမှာ ယခင်တစ်တင်းခွဲဝင်တစ်အိတ် ငွေကျပ် ၂၄၀၀၀ မှ ယခုအခါ ငွေကျပ် ၁၂၀၀၀ အထိ ဈေးကျလာ၍ ဝယ်ယူစားသုံးသူ မိဘပြည်သူများ ကျေနပ်ဝမ်းသာဖြစ်နေကြသည်။ (ကြေးမုံ)

ဆုချီးမြှင့်

တောင်ဥက္ကလာပမြို့နယ် အမက(၂၁) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၈ ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် သူငယ်တန်းမှ ပထမဆုရ မောင်အံ့ဘုဏ်းမြတ်အား ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

နိုင်ငံတော်က နှစ်စဉ် ဝယ်ယူတင်သွင်းနေရသော စားသုံးဆီလိုအပ်ချက်ကို နေကြာသီးနှံဖြင့် ဖြည့်ဆည်း အရည်အသွေးပိုမိုကောင်းမွန်သော နေကြာမျိုးများကို သုတေသနပြုလုပ်ပြီး တိုးတက်ထုတ်လုပ်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီးရှိ သိပ္ပံနည်းကျ (G.A.P) စိုက်နည်းဖြင့် စိုက်ပျိုးပြသထားသည့် ရေဆင်းစပ်မျိုး(၁)နေကြာ စံပြ ၁၀ ဧက စိုက်ကွက်၌ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာအနီးရှိ တောင်သူဦးသန်းဆွေနှင့် ဦးသန်းအုန်းတို့၏ ရေဆင်းစပ်မျိုး(၁)နေကြာအား သိပ္ပံနည်းကျ (G.A.P) စိုက်နည်းဖြင့် စိုက်ပျိုးပြသထားသည့် တစ်ဆက်တစ်စပ်တည်း စံပြ ၁၀ ဧကစိုက်ကွက်ကို ကြည့်ရှုစစ်ဆေးရာ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဒေါ်အေးအေးမြင့်က ၆၀ ရက်သားရှိ ရေဆင်းစပ်မျိုးနေကြာ စိုက်ခင်းဖြစ်ထွန်းအောင်မြင်နေမှုနှင့် တစ်ဧကပျမ်းမျှတင်း ၅၀ အထက် ထွက်ရှိနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက တောင်သူများ ဝင်ငွေတွက်ခြေကိုက်မည့် နေကြာသီးနှံပင်များ ဖြစ်ထွန်းအောင်မြင်မှုအတွက် ဝမ်းမြောက်ကြောင်းနှင့် နေကြာသီးနှံ၏ စားသုံးဆီအဖြစ် ကြိတ်ခွဲအသုံးပြုရာတွင် တစ်ဧကမှ ဆီပိဿာ ၂၂၀ ကျော်၊ ဝင်ငွေ ရှစ်သိန်းခန့် ရရှိမည့်အလားအလာနှင့် နေကြာသီးနှံ၏ ကျန်းမာရေးအတွက် စားသုံးရန်အထူးကောင်းမွန်သည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်ကနှစ်စဉ် ဝယ်ယူတင်သွင်းနေရသော စားသုံးဆီလိုအပ်ချက်ကို နေကြာသီးနှံဖြင့် စိုက်ပျိုးဖြည့်ဆည်းနိုင်ရေး တိုးချဲ့စိုက်ပျိုးသွားရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့်လည်း အရည်အသွေးပိုမိုကောင်းမွန်သော နေကြာမျိုးများကို သုတေသနပြုလုပ်ပြီး တိုးတက်ထုတ်လုပ်သွားရန် မှာကြားသည်။

ထို့နောက် ဖြစ်ထွန်းအောင်မြင်နေသော နေကြာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုပြီး အနီးရှိတစ်ပိုင်တစ်နိုင်စိုက်ပျိုးဖြစ်ထွန်းနေသော ရာသီသီးနှံခရမ်းချဉ် တစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ညနေပိုင်းတွင် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံသို့ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးတင်ဆန်းက ၁၉၅၄ ခုနှစ်မှ ယနေ့ထိ နှစ်ပေါင်း (၅၈) နှစ်တိုင်အောင် စိုက်ပျိုးရေးပညာရှင် ၃၉၂၇ ဦး မွေးထုတ်ပေးနိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့တာဝန်ထမ်းဆောင်ကြရမည့် အတတ်ပညာရှင်၊ အသိပညာရှင်များမွေးထုတ်ပေးနေသော ဤကျောင်း၏အရေးပါမှု အတိုင်းအတာနှင့် နိုင်ငံတော်၏ပခုံးပြောင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာတွေ့၊ လက်တွေ့ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရန်၊ လယ်သမားများ အကျိုး လက်တွေ့သယ်ပိုးနိုင်ရေးအတွက် ဆန်စပါးသီးနှံအပါအဝင် အဓိကသီးနှံများ၏ အရည်အသွေးနှင့် အထွက်နှုန်းကောင်းအောင် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိရေး လက်တွေ့ကြိုးပမ်းကြရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ယှဉ်ပြိုင်အသင်းများ ဖွဲ့စည်းပြီး ကျောင်းပိုင်စိုက်ပျိုးမြေများအတွင်း မြေလွတ်မြေရိုင်း မကျန်အောင် သီးနှံအမယ်အလိုက် ယှဉ်ပြိုင်စမ်းသပ်ကွက်များဖြင့် လက်တွေ့လေ့ကျင့်သွားကြရန် မှာကြားပြီး အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများကို ဇန်နဝါရီ ၈ ရက်က ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှနှင့် တာဝန်ရှိသူများသည် ဝန်ကြီးဌာနများမှ ခင်းကျင်းပြသလျက်ရှိသော အသိပညာပေးပြခန်းများ၊ ကုမ္ပဏီများ၏ အရောင်းပြခန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ဉာဏ်စမ်းပဟေဠိ ပါဝင်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ ဒုတိယမြောက်နေ့တွင်လည်း ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များမှ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၂၅ ဦးတို့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးရေးဖြေ၊ နှုတ်ဖြေ ဉာဏ်စမ်းပဟေဠိများကို ယှဉ်ပြိုင်ဖြေဆိုကြရာ**(ယာပုံ)** ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ နေပြည်တော် အထက(၂)မှ ကျောင်းသား၊ ကျောင်းသူများကလည်း ယာဉ်အန္တရာယ်ကင်းရှင်းရေး သရုပ်ဖော်ပြကွက်များဖြင့်လည်းကောင်း၊ HTET Media Group မှလည်း စင်တင်ဖျော်ဖြေမှုများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြရာ ပြပွဲကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဒီဇင်ဘာနောက်ဆုံးပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ

အင်းစိန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဒီဇင်ဘာ အားကစားလ (နောက်ဆုံးပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ပန်းခြံလမ်းဆုံမှ လှိုင်မြစ်လမ်းမကြီးတစ်လျှောက် အောင်ဇေယျကြိုးတံတားအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ လမ်းလျှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး ဦးဆောင်၍ အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ မြို့နယ်အားကစားမှူး ဦးစိုင်းဉာဏ်ထွန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့များ၊ ပြည်သူများ၊ ကျန်းမာရေးလိုက်စားသော လုပ်သားပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ တို့သည် အသွားအပြန် လမ်းလျှောက်ပွဲဆင်နွှဲကြပြီး ယင်းနေ့ နံနက် ၈ နာရီတွင် အင်းစိန် အထက(၁) ဘောလုံးအားကစားကွင်း၌ ကျင်းပသော ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ ကြီးမှူးကျင်းပသည့် ထွေ/အုပ် ဝန်ထမ်းအသင်း၊ ထွေ/အုပ်ဝန်ထမ်း မိသားစုအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအသင်းသုံးသင်းတို့ ပါဝင်ယှဉ်ပြိုင် ကစားကြသည်။

(၆၈၄)

တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေးနှင့် ထောက်ပံ့ငွေပေးအပ်

တပ်ကုန်း ဇန်နဝါရီ ၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မြတ်ဘုန်းစာကြည့်တိုက်တွင် ဇန်နဝါရီ ၅ ရက်က ကျင်းပရာ အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)က သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးသိန်းဆွေ (ဆွေဦး)က ဆောင်ရွက်ပြီး ၂၀၁၁ ခုနှစ် တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့သောအဖွဲ့ဝင် ဦးမောင်အုံး (ကိုကြီးအုန်း-တပ်ကုန်း)၏ နာရေးကူညီမှု ထောက်ပံ့ငွေကိုလည်းကောင်း၊ ဦးသိန်းဆွေ (ဆွေဦး)၊ ဦးမောင်မောင်ကြီး (ပေတိုး-ရွှေမြို့)၊ ဦးကျော်သူစိုး(ကိုခက်ဝေ)တို့အတွက် ဆေးရုံတက်ထောက်ပံ့ငွေကို လည်းကောင်း၊ နာယက ဦးတင်လှ(ရွှေသင်းယုလွင်)အား သက်ကြီးထောက်ပံ့ငွေနှင့် ပစ္စည်းကိုလည်းကောင်း**(ဝဲပုံ)**သဘာပတိ ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)က ပေးအပ်ပြီး နာယက မြတ်ဘုန်း(တပ်ကုန်း)က နိဂုံးချုပ်စကားပြောကြားကာ နှစ်သစ်လက်ဆောင်အဖြစ် တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ထုတ်ဝေသော ၂၀၁၂ ခုနှစ် ပြက္ခဒိန်ကို အဖွဲ့ဝင်များသို့ ပေးအပ်ကြောင်း သိရသည်။

(၀၉၂)

ဂုဏ်ထူးမြန်မာစာနည်းပြ၏ (၃၃) ကြိမ်မြောက် ရွှေစင်တံဆိပ်ဆုပေးပွဲနှင့် ဂုဏ်ထူးရတနာဘော်ဒါတို့၏ (၁၉) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အာရှပလာဇာဟိုတယ်၌ ကျင်းပရာ မြန်မာစာတံခွန်စိုက်ဆုနှင့် ဘာသာစုံတံခွန်စိုက်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဆုချီးမြှင့်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၂ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲတွင် ဒုတိယတန်းမှ ပထမဆုရရှိသော မောင်လရောင်သီဟအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

မွန်ပြည်နယ် မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ရှိ ပြည်နယ် မထသရုံး၌ကျင်းပရာ ပြည်နယ်နှင့်မြို့နယ် ၁၀ မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးမောင်ချစ်က စည်းကမ်းထိန်းသိမ်းရေးကိစ္စများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်တောင်ပိုင်း၌ မြေပြို လူ ၃၀ သေဆုံးပြီး ၄၄ ဦးပျောက်ဆုံး

ဒါဗာအို ဇန်နဝါရီ ၈

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင်ရှိသော ရွှေအမြောက်အမြားထွက်ရှိရာဒေသအတွင်းမှ ရွှေသတ္တုတွင်းတစ်ခု၌ မကြာသေးမီရက်ပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူဦးရေ ၃၀ အထိ ရှိလာကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကိုလည်း ဆက်လက် လုပ်ကိုင်နေရကြောင်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားသည်။

မင်ဒါနာအိုဒေသ ကွမ်ပို့စ်တီလာဗယ်လီပြည်နယ် အုပ်ချုပ်ရေးမှူး အာသရို၏ပြောကြားချက်အရ ပန်တုကန်မြို့ နက်ပ်နာပန်ကျေးရွာတွင် ယင်းမြေပြိုမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၀ ၏ ရုပ်အလောင်းများကို ဇန်နဝါရီ ၇ ရက်က ရှာဖွေတွေ့ရှိသော်လည်း ၄၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားပြီးနောက် သက်ဆိုင်ရာက ရွှေတွင်းလုပ်ငန်းရှင်များအား လုပ်ငန်းများချက်ချင်းရပ်ဆိုင်းရန်နှင့် ယင်းနေရာ အနီးတစ်ဝိုက်တွင် နေထိုင်သူ ဒေသခံ ၂၀၀၀ နှင့် သတ္တုတွင်း လုပ်သားများ၏ အိမ်ထောင်စုများအား ဝေးရာသို့ ရွှေ့ပြောင်းမိန့် ထုတ်ပြန်ခဲ့သည်။

အဆိုပါမြေပြိုမှုသည် ဇန်နဝါရီ ၆ ရက် နံနက် ၃ နာရီခန့်က ဖြစ်ပွားခြင်းဖြစ်သည်။ မြေပြိုမှုကြောင့် အိမ်အလုံး ၆၀ ခန့်မှာ တန်ပေါင်းများစွာလေးသောမြေများ ဖုံးအုပ်ခြင်းခံရ၍ ပျက်စီးခဲ့ရသည်။ သစ်ပင်များ၏ အမြစ်များနှင့် ကျောက်တုံးကျောက်ခဲများမှာ ကျေးရွာအနီးဖုံးအုပ်သွားပြီး မြေပြိုမှုဒဏ်ကိုခံရ၍ နေရာအကျယ်မီတာ ၆၀၀ နှင့် အရှည် ၃၀၀ တွင် ပျက်စီးမှုများ ဖြစ်ပေါ်သည်။

ဆင်ဟွာ။

ဘုရင်မ အယ်လိဇဘက်အား နိုင်ငံ့ဦးသျှောင်အဖြစ်မှ ဂျမေကာ ဖယ်ရှားလို

ကင်းစတန် ဇန်နဝါရီ ၈

ဂျမေကာဝန်ကြီးချုပ်သစ် ပေါ်တီယာဆင်ဆွန်မီလားက ၎င်းအနေဖြင့် နိုင်ငံ့ဦးသျှောင်အဖြစ်ရှိနေသည့် ဗြိတိသျှဘုရင်မ အယ်လိဇဘက်ကို ဖယ်ရှား၍ နိုင်ငံကို သမ္မတနိုင်ငံအဖြစ် တည်ထောင်ရန် ရည်ရွယ်ပြောကြားကြောင်း ဇန်နဝါရီ ၆ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ဝန်ကြီးချုပ်ရာထူးကို စတင်ထမ်းဆောင်သည့် အထိမ်းအမှတ်အဖွင့် မိန့်ခွန်းပြောကြားရာတွင် ဗြိတိသျှဘုရင်စနစ်နှင့် လမ်းခွဲ၍ နိုင်ငံသားသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် အချိန်အခါ ကျရောက်နေပြီဖြစ်သည်ဟု ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

ဗြိတိသျှအုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရရှိခဲ့သော ငါးနှစ်မြောက်အထိမ်းအမှတ်အခမ်းအနား မကျင်းပမီ ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗြိတိန်ဘုရင်မ၏မြေးတော်စပ်သော မင်းသားဟာရီက ယခုနှစ်အတွင်း ဂျမေကာသို့ လာရောက်လည်ပတ်ရန် ရှိနေသည်။

လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအနေဖြင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော အောင်မြင်မှုအခမ်းအနားကို ကျင်းပသကဲ့သို့ လွတ်လပ်မှုကို အပြည့်အဝရရှိရန် လိုအပ်နေပြီဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားခဲ့သည်။

ဂျမေကာနိုင်ငံ၏ ဦးသျှောင်ပြဿနာသည် ဂျမေကာအစိုးရနှင့် ဂျမေကာပြည်သူလူထု၏ကိစ္စသာဖြစ်ကြောင်း ဘက်ကင်ဟန်နန်းတော်မှ ပြောရေးဆိုခွင့်ရှိသူက တုံ့ပြန်ပြောကြားခဲ့သည်။

ဂျမေကာဝန်ကြီးချုပ် မစ္စပေါ်တီယာ ဆင်ဆွန်မီလား။

အသက် (၆၆)နှစ်ရှိ မစ္စဆွန်သည် ၎င်း၏ ပြည်သူ့အမျိုးသားပါတီက ဒီဇင်ဘာ ၂၉ ရက် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက် ဒုတိယအကြိမ်မြောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါး ၇၇၈၆၅ ကီလိုဂရမ် သိမ်းဆည်းရမိ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၈

ပါကစ္စတန်နိုင်ငံ၏ နေရာဒေသအသီးသီး၌ ၂၀၁၁ ခုနှစ်အတွင်းတွင် ပါကစ္စတန်နိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ (အေအင်န်အက်ဖ်)က မူးယစ်ဆေးဝါး ၇၇၈၆၅ ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း ဇန်နဝါရီ ၇ ရက်သတင်းတွင် ဖော်ပြသည်။

ဖမ်းဆီးနိုင်ခဲ့သော မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူ ၁၅၀၂ ဒသမ ၃ ကီလိုဂရမ်၊ ဘိန်း ၇၈၇၅ ကီလိုဂရမ်၊ ဆေးခြောက် ၆၇၅၂ ဒသမ ၄၂ ကီလိုဂရမ်၊ မော်ဖိန်း ၉၆၁ ကီလိုဂရမ်နှင့် ကိုကင်း ၂ ဒသမ ၅ ကီလိုဂရမ်နှင့် အခြား မူးယစ်ဆေးဝါးအမျိုးအစားများဖြစ်ကြောင်း အေအင်န်အက်ဖ်အဖွဲ့က ပြောကြားသည်။

လွန်ခဲ့သောနှစ်က မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော စိတ်ကြွဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားမှုအဖြစ် အေအင်န်အက်ဖ်အဖွဲ့က ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ လုပ်ငန်းခွင်ဆွေးနွေး ပွဲများ၊ ပြဇာတ်တင်ဆက်ခြင်းများ၊ ဓာတ်ပုံပြပွဲများ၊ မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးခြင်းများ၊ နိုင်ငံအတွင်း မူးယစ်ဆေးဝါးကင်းစင်ရေးလုပ်ငန်း တိုးတက်စေရေးများကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ဆင်ဟွာ။

စစ်ထွက်ရန် အသင့်ဖြစ်နေကြသည့် အာဖဂန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

တာလီဘန်တို့လက်ဝယ်ကျရောက်နေသည့် နိုင်ငံတောင်ပိုင်းမှ မြို့တစ်မြို့အား အာဖဂန်တပ်ဖွဲ့ ပြန်သိမ်းယူနိုင်ဟုဆို

ကဘူး ဇန်နဝါရီ ၈

အာဖဂန်တပ်ဖွဲ့များသည် တာလီဘန်တို့လက်ဝယ် ကျရောက်လျက်ရှိသည့် နိုင်ငံတောင်ပိုင်းမှ မြို့တစ်မြို့ကို ပြန်လည်သိမ်းယူနိုင်ပြီဖြစ်ကြောင်း ပရက်(စ်)တီဗွီက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အာဖဂန်အစိုးရ၏ကြေညာချက်တွင် ၎င်း၏တပ်ဖွဲ့များသည် နိုင်ငံခြားတပ်ဖွဲ့များ၏ အကူအညီဖြင့် ကန်ဒါဟာ ပြည်နယ် မီရန်ရှားဒေသမှ သူပုန်များကို မောင်းထုတ်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်။

အဆိုပါ စစ်ဆင်ရေးတွင် ကျဆုံးမှုများနှင့် စပ်လျဉ်းသော သတင်းများကိုမူ ဆက်လက်ထုတ်ပြန်ပေးမည်မဟုတ်ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်းမှ မြို့အချို့သည် တာလီဘန်တို့၏ ထိန်းချုပ်မှုအောက်တွင် ရှိနေဆဲဖြစ်သည်ဟု အာဖဂန် သတင်းအရင်းအမြစ်များက ပြောကြားသည်။

အကြမ်းဖက်ဝါဒီများကို တိုက်ခိုက်ရန် အကြောင်းပြချက်ဖြင့် ၂၀၀၁ခုနှစ်တွင် အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်၍ တာလီဘန်အစိုးရကိုဖယ်ရှားကာ နိုင်ငံအတွင်း လုံခြုံရေးကို ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း နိုင်ငံတစ်ဝန်း ထောင်ပေါင်းများစွာသော နိုင်ငံခြားတပ်ဖွဲ့များရှိလင့်ကစား လုံခြုံမှုမှာ တစ်နေ့တစ်ခြား ကင်းမဲ့လာလျက်ရှိသည်။

အရပ်သားများနှင့် စစ်ဘက်ဝန်ထမ်းများသေဆုံးမှုစံချိန်တင်သည့် အမေရိကန်ဦးဆောင်သော အာဖဂန်စစ်ပွဲမှာ အမေရိကန်သမိုင်းတွင် အကြာဆုံးသောစစ်ပွဲဖြစ်သည်။ ***အင်တာနက်။***

ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့လျှင် တုံ့ပြန်မည်ဟု အမေရိကန်သတိပေး

ဝါရှင်တန် ဇန်နဝါရီ ၈

ပါရှန်ပင်လယ်ကွေ့ရှိ မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြားကို အီရန်နိုင်ငံက ပိတ်ဆို့မည်ဆိုပါက အမေရိကန်ပြည်ထောင်စုအနေဖြင့် ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာ**(အပေါ်ပုံ)**က တနင်္ဂနွေနေ့တွင် သတိပေးလိုက်သည်။

ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခြင်းသည် အီရန်နိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုက သတ်မှတ်ထားသော သည်းခံမှုစည်းမျဉ်းကို ကျော်နင်းရာရောက်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အလားတူ အမေရိကန်ပြည်ထောင်စု ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမာတင်ဒမ်းဆေးကလည်း ဟော်မုဇ်ရေလက်ကြားကို အီရန်ကပိတ်ဆို့ပါက မိမိတို့ကလည်း ပြန်လည်တုံ့ပြန်၍ ယင်းရေလက်ကြားအား ပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း စီဘီအက်စ်ရုပ်သံဌာနနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်စေရန် ဖိအားပေးသည့်အနေဖြင့် ဥရောပသမဂ္ဂက အီရန်၏ ရေနံပို့ကုန်များကို ပိတ်ဆို့အရေးယူခဲ့လျှင် ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဖြစ်ကြောင်း အီရန်နိုင်ငံက ခြိမ်းခြောက်ခဲ့ပြီးနောက် အမေရိကန်ထိပ်တန်းတာဝန်ရှိသူများ၏ သတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ကမ္ဘာ့ရေနံ ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းကို ဟော်မုဇ်ရေလက်ကြားအား ဖြတ်သန်း၍ သယ်ယူပို့ဆောင်နေရခြင်းဖြစ်ရာ ယင်းဒေသ၌ တင်းမာမှုများမြင့်တက်လာပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက် မြင့်တက်ခဲ့ရသည်။ ***အင်တာနက်။***

လွန်ခဲ့သည့် နှစ်သန်း ၂၅၀ ခန့်က ဖြစ်ပေါ်ခဲ့သော သက်ရှိများပျက်သုဉ်းမှု ပြဒါးဓာတ်ကြောင့်ဖြစ်နိုင်ဖွယ်ရှိ

အက်ဒ်မွန်တန် ဇန်နဝါရီ ၈

လွန်ခဲ့သော နှစ်သန်း ၂၅၀ ခန့်က ဖြစ်ပွားခဲ့သည့် ရေနေသက်ရှိမျိုးစိတ် အားလုံးနီးပါးသေဆုံးခဲ့ရသည့် မဟာပျက်သုဉ်းမှုကြီး၏ အဓိကအကြောင်းရင်းခံသည် ယခင်က သံသယရှိခဲ့ရသော ပြဒါးအဆိပ်သင့်မှုကြောင့်ဖြစ်ကြောင်း ကနေဒါ သိပ္ပံပညာရှင်များက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားခဲ့သည်။

ယခင်က ရာသီဥတုပြောင်းလဲမှုကို အခြေခံ၍ဖြစ်ပေါ်ခဲ့ရကြောင်း ထင်မြင်ယူဆခဲ့ကြသည့် မဟာပျက်သုဉ်းမှုကြီးသည် ကမ္ဘာကြီး၏ ဂေဟစနစ်အတွင်း ပြဒါးဆိပ်များပျံ့နှံ့စိမ့်ဝင်ခြင်းကြောင့်ဖြစ်ပေါ်ခဲ့ရဖွယ်ရှိကြောင်း ကယ်လ်ဂါရီတက္ကသိုလ်မှ သိပ္ပံပညာရှင်များက သုံးသပ်ခဲ့ကြသည်။

လွန်ခဲ့သော နှစ်သန်း ၂၅၀ ခန့်က ကမ္ဘာ့သမိုင်းတစ်လျှောက် အကြီးမားဆုံးဆိုရမည့် မီးတောင်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းမီးတောင်လှုပ်ရှားမှုကြီးများသည် ကမ္ဘာ့ဂေဟစနစ်အတွင်း ပြဒါးဓာတ်ပျံ့နှံ့စိမ့်ဝင်မှု၏ အဓိကအကြောင်းအရင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏စာတမ်း၌ ဖော်ပြထားသည်။

ထိုစဉ်ကာလ မီးတောင်လှုပ်ရှားမှုများမှ ထွက်ပေါ်ခဲ့သော ပြဒါးဓာတ်ပမာဏသည် ယနေ့ခေတ်မီးတောင် လှုပ်ရှားမှုများမှ ထွက်ပေါ်သည့် ပြဒါးဓာတ်ပမာဏထက် အဆပေါင်း ၃၀ ပိုမိုမြင့်မားခဲ့ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြသည်။

ကနေဒါသိပ္ပံပညာရှင်များ၏ သုတေသနစာတမ်းသည် ပါမီယန်ဘူမိခေတ်အတွင်း ဖြစ်ပေါ်ခဲ့သော သက်ရှိများပျက်သုဉ်းမှုနှင့် ပြဒါးဓာတ်တို့ဆက်နွယ်နေခြင်းနှင့် ပတ်သက်၍ ပထမဆုံး တင်ပြခဲ့သည့် စာတမ်းဖြစ်သည်။

လွန်ခဲ့သည့် နှစ်သန်း ၂၅၀ ခန့်ကာလ ပါမီယန်ဘူမိခေတ်အတွင်း၌ သမုဒ္ဒရာများအတွင်းရှိ သဘာဝအရံအတားစနစ်များတွင် ပြဒါးဓာတ်များ အလွန်အကျွံစိမ့်ဝင်ခဲ့၍ ရေနေသက်ရှိ သတ္တဝါမျိုးစိတ် ၉၅ ရာခိုင်နှုန်း ပျက်သုဉ်းခဲ့ရကြောင်း ကနေဒါ သုတေသနပညာရှင်များက ယူဆထားကြသည်။

အင်တာနက်။

ဘူမိမြေလွှာလှုပ်ရှားမှုများကြောင့် ဆူဝေပေါက်ကွဲနေသည့် ပစိဖိတ်ဒေသမှ မီးတောင်တစ်လုံးကို တွေ့ရစဉ်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နှစ်သစ်ကာလအထိမ်းအမှတ်အဖြစ် အကျဉ်းကျ အိန္ဒိယရေလုပ်သားများကို ပါကစ္စတန်ပြန်လွှတ်ပေး

ကရာချိ ဇန်နဝါရီ ၈

နှစ်သစ်အခါကာလ၌ စိတ်ကောင်းစေတနာကောင်းပြသသည့်အနေဖြင့် ကရာချိမြို့ အကျဉ်းထောင်မှ အိန္ဒိယနိုင်ငံသား အကျဉ်းသား စုစုပေါင်း ၁၈၀ ကို ဇန်နဝါရီ ၇ ရက်တွင် ပြန်လည်လွတ်မြောက်ခွင့်ပေးခဲ့ကြောင်း ပါကစ္စတန်အာဏာပိုင်များက ပြောကြားခဲ့သည်။

အင်ဒို-အာရှန်းသတင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ ပါကစ္စတန်အာဏာပိုင်များက အိန္ဒိယရေလုပ်သား ၁၇၉ ဦးနှင့် အရပ်သားတစ်ဦးတို့ကို ကရာချိမြို့လန်ဒီအကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်အာဏာပိုင်များက ပြန်လည်လွှတ်ပေးခဲ့သော အိန္ဒိယရေလုပ်သားများကို လာဟိုးမြို့ ဝါဂါနယ်စပ်၌ အိန္ဒိယအာဏာပိုင်များထံ ဇန်နဝါရီ ၈ ရက်တွင် ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်နိုင်ရန် ကြိုးပမ်းရာတွင် တရားမျှတမှုနှင့် အပြုသဘောဆောင်မှုတို့အား ပြသသည့်အနေဖြင့် အိန္ဒိယအကျဉ်းသား ၁၈၀ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ အကျဉ်းချခံနေရသော အိန္ဒိယနိုင်ငံသားများ လွတ်မြောက်ရေးအတွက် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ရပ်ကလည်း ပါဝင်ကူညီခဲ့သည်။အိန္ဒိယသတင်းဌာနများ၏ ထုတ်ပြန်ချက်အရ ပါကစ္စတန်နိုင်ငံ အကျဉ်းထောင်များ၌ အိန္ဒိယနိုင်ငံသား အကျဉ်းသား ၂၇၆ ဦးရှိနေဆဲဖြစ်ကြောင်း သိရသည်။ယင်းအပြင် ပါကစ္စတန်နိုင်ငံ၌ အိန္ဒိယငါးဖမ်းသင်္ဘော ၃၂၀ မှာလည်း တရားတဘောင် ရင်ဆိုင်နေရဆဲဖြစ်သည်။

ပြန်လည်လွတ်မြောက်လာသည့် အိန္ဒိယအကျဉ်းသားများ။

ပါကစ္စတန် ရေကြောင်းနယ်နိမိတ်ကို ကျော်ဖြတ်မိသည့် အိန္ဒိယရေလုပ်သားများနှင့် ၎င်းတို့၏ သင်္ဘောများအား ပါကစ္စတန် ရေကြောင်းအာဏာပိုင်များက မကြာခဏဖမ်းဆီးလေ့ရှိသည်။ **အင်တာနက်။**



၂၀၁၁ ခုနှစ်အတွင်း ကမ္ဘောဒီးယား၌ လူ ၁၆၅ ဦး မိုးကြိုးထိမှန်သေဆုံးခဲ့

ဖနွမ်းပင် ဇန်နဝါရီ ၈

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်းက မိုးကြိုးထိမှန်သေဆုံးသူဦးရေပေါင်းမှာ ၁၆၅ ဦးရှိခဲ့ပြီး ၂၀၁၀ ခုနှစ်အတွင်းက မိုးကြိုးထိမှန်သေဆုံးသူမှာ ၁၁၄ ဦးရှိခဲ့ခြင်းကြောင့် ၂၀၁၁ ခုနှစ်တွင် မိုးကြိုးထိမှန်သေဆုံးခဲ့မှုနှုန်းမှာ ၄၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကမ္ဘောဒီးယားအစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီအကြီးအကဲက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားခဲ့သည်။

ယမန်နှစ်အတွင်းက မိုးကြိုးထိမှန်သေဆုံးသူများထဲ၌ ကလေးငယ် ၂၃ ဦးပါဝင်ပြီး ဒဏ်ရာရရှိသူဦးရေမှာ ၁၃၉ ဦးရှိကာ ၎င်းတို့အနက်အများစုမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်သည်ဟုဆိုသည်။

ယမန်နှစ်က မိုးကြိုးထိမှန်မှုများကြောင့် လူသေဆုံးမှုအများဆုံးဖြစ်ပွားရသော ပြည်နယ်သုံးခုရှိခဲ့ပြီး ၎င်းတို့မှာ ဖနွမ်းပင်မြို့၏ အနောက်မြောက်ဘက် ဘက်တမ်ဘန်းပြည်နယ်၊ ကမ္ဘောဒီးယားနိုင်ငံအနောက်ပိုင်းမှ ပါဆက်ပြည်နယ်နှင့် နိုင်ငံအရှေ့ပိုင်းမှ ကမ်ပုန်ချမ်ပြည်နယ်တို့ဖြစ်ကြသည်။ **ဆင်ဟွာ။**

ရာသီဥတုပြောင်းလဲမှုနှင့် နျူကလီးယားစစ်ပွဲအန္တရာယ် ကျူးဘားခေါင်းဆောင်သတိပေး

ဟာဗားနား ဇန်နဝါရီ ၈

ရာသီဥတုပြောင်းလဲမှုနှင့် နျူကလီးယားစစ်ပွဲအန္တရာယ်များကြောင့် ကမ္ဘာကြီးသည် ၂၀၁၂ ခုနှစ်အတွင်း ချောက်နက်ထဲ ကျဆင်းရမည့်လမ်းကြောင်းပေါ် ရောက်နေကြောင်း ကျူးဘားတော်လှန်ရေးခေါင်းဆောင် ဖီဒယ်ကတ်စထရိုက ဇန်နဝါရီ ၅ ရက်ထုတ် ဆောင်းပါးတစ်စောင်၌ သတိပေးရေးသားခဲ့ကြောင်း သိရသည်။

"ချောက်နက်ဆီသို့ဦးတည်ခြင်း" အမည်ရှိ ဆောင်းပါးပါ အချက်အလက်များကို အမေရိကန်ပြည်ထောင်စုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများ၏ ပြစ်တင်မှုခံနေရသော ကျောက်မြေလွှာမှ ထုတ်ယူရရှိသည့် သဘာဝဓာတ်ငွေ့တစ်မျိုးအား ရည်ညွှန်းထားခြင်းဖြစ်နိုင်ကြောင်း သတင်းများတွင် ဖော်ပြသည်။

လူသားများပတ်လည်၌ ဘေးအန္တရာယ်ပေါင်းများစွာ ဝန်းရံတည်ရှိနေသော်လည်း နျူကလီးယားစစ်ပွဲအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုတို့မှာ သိသာထင်ရှားပြီး အဖြေရရန် ဝေးနေသောပြဿနာများဖြစ်ကြောင်း ဖီဒယ်ကတ်စထရိုက ရေးသားဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၌ နျူကလီးယားစစ်ပွဲဖြစ်ပွားနိုင်သည့် အလားအလာကို ဖီဒယ်ကတ်စထရိုက ရေးသားခဲ့ပြီး ယင်းဒေသ၏ မကြေညာသော နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံကိုလည်း ပြစ်တင်ခဲ့သည်။

ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ကျောက်လွှာများအတွင်း ခိုအောင်းနေသော ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ထုတ်ယူရန်အသုံးပြုနေသည့် ဖိအားဖြင့် မြေလွှာခွဲဖြာခြင်း (hydraulic fracturing) နည်းလမ်းနှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်မိကြောင်း ၎င်း၏ ဆောင်းပါး၌ ဖီဒယ်ကတ်စထရိုက ဖော်ပြခဲ့သည်။

ဖိအားဖြင့် မြေလွှာခွဲဖြာခြင်းနည်းလမ်းကို ရုပ်ကြွင်းလောင်စာသစ်များထုတ်ယူရန် စွမ်းအင်ကုမ္ပဏီများက အသုံးပြုလျက်ရှိသော်လည်း ယင်းနည်းလမ်းသည် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက ကန့်ကွက်လျက်ရှိသည်။

ကျူးဘားတော်လှန်ရေးခေါင်းဆောင် ဖီဒယ်ကတ်စထရို။

၁၉၅၉ ခုနှစ် ကျူးဘားတော်လှန်ရေး၏ ခေါင်းဆောင်ဖြစ်သော ဖီဒယ်ကတ်စထရိုသည် ၂၀၀၆ ခုနှစ် နောက်ပိုင်း၌ အများမြင်ကွင်းရှေ့သို့ ထွက်ခဲလှသော်လည်း ၎င်း၏ကမ္ဘာ့ရေးရာအမြင်များကို ပုံမှန်ရေးသားတင်ပြလေ့ရှိသည်။

အင်တာနက်။

လူသားများ အသက်(၄၅)နှစ်အရွယ်တွင် ဦးနှောက်စွမ်းအား စတင်ကျဆင်းနိုင်

လန်ဒန် ဇန်နဝါရီ ၈

လူသားတို့၏ မှတ်ဉာဏ်နှင့် ဆင်ခြင်တုံစွမ်းအားသည် အများထင်နေကြသကဲ့သို့ အသက်(၆၀)ဝန်းကျင်တွင် စတင်ကျဆင်းသည်မဟုတ်ဘဲ အသက်(၄၅)နှစ်တွင် စတင်ကျဆင်းတတ်ကြောင်း ဗြိတိသျှဆေးပညာဂျာနယ်က ဇန်နဝါရီ ၇ ရက်တွင် ဖော်ပြခဲ့သော သုတေသနစာတမ်းတစ်စောင်၌ ဖော်ပြထားသည်။

၁၉၉၇ ခုနှစ်မှစတင်၍ အမျိုးသား ၅၁၉၈ ဦးနှင့် အမျိုးသမီး ၂၁၉၂ ဦးတို့ကို ၁၀ နှစ်ကြာ လေ့လာသုတေသနပြုခဲ့ရာတွင် အဆိုပါရလဒ်အား ထုတ်ဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အသက်(၄၅)နှစ်မှ (၇၀)အကြား အရွယ်ရှိ လန်ဒန်မြို့တော်သူ၊ မြို့တော်သားများသည် အထက်ပါ နှစ်ရှည်ကျန်းမာရေးလေ့လာသုတေသနပြုချက်တွင် စေတနာ့ဝန်ထမ်းပါဝင်ပေးခဲ့ကြသည်။

သုတေသနပြုလုပ်မှုတွင် ပါဝင်ခဲ့ကြသူများအား ပညာရှင်များက မှတ်ဉာဏ်၊ ဝေါဟာရ၊ အမြင်နှင့် အကြားအာရုံဆိုင်ရာ စမ်းသပ်မှုများကို ၁၀ နှစ်တာကာလအတွင်း သုံးကြိမ်မျှ စမ်းသပ်မှုပြုလုပ်ခဲ့ကြသည်။

သုတေသနပြုလုပ်စဉ်ကာလအတွင်း အသက်(၄၅)နှစ်မှ (၄၉)နှစ်အကြားအရွယ်ရှိ အမျိုးသားများအနက် ၃ ဒသမ ၆ ရာခိုင်နှုန်းသည် မှတ်ဉာဏ်နှင့် ဆင်ခြင်တုံစွမ်းအား စတင်ကျဆင်းလျက်ရှိပြီး အသက်(၆၅) နှစ်နှင့် (၇၀)အကြား အမျိုးသား ၉ ဒသမ ၆ ရာခိုင်နှုန်းမှာလည်း အလားတူဖြစ်စဉ်မျိုး ကြုံတွေ့နေရကြောင်း တွေ့ရှိခဲ့သည်။

အလားတူ အသက်(၄၅)နှစ်မှ (၄၉)နှစ်အကြား အမျိုးသမီး ၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် အသက်(၆၅) နှစ်နှင့် (၇၀) အကြား အမျိုးသမီး ၇ ဒသမ ၄ ရာခိုင်နှုန်းတို့သည် မှတ်ဉာဏ်နှင့် ဆင်ခြင်တုံတရားကျဆင်းမှု ဖြစ်ပေါ်ကြောင်း သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့ရသည်။ **အင်တာနက်။**

ယမန်နှစ် အောက်တိုဘာလက နယူးဇီလန်ကမ်းလွန်တွင် သောင်တင်ခဲ့သော ကုန်တင်သင်္ဘော ထက်ပိုင်းကျိုးနေသည်ကို တွေ့ရစဉ်။

နယူးဇီလန်ကမ်းလွန်၌ သောင်တင်နေသော ကုန်တင်သင်္ဘောနှစ်ပိုင်းကျိုး

ဝယ်လ်လင်တန် ဇန်နဝါရီ ၈

နယူးဇီလန်နိုင်ငံ ကမ်းရိုးတန်းကမ်းလွန်၌ ယမန်နှစ် အောက်တိုဘာလက သောင်တင်ခဲ့သော ကုန်တင်သင်္ဘောသည် နှစ်ပိုင်းကျိုးပြတ်ခဲ့ပြီဖြစ်ရာ ယင်းသင်္ဘောပေါ် တင်ဆောင်ထားသည့် ကုန်သေတ္တာများနှင့် အပျက်အစီးများ ပင်လယ်ပြင်အတွင်း ကျဆင်းခဲ့ပြီး လောင်စာဆီယိုဖိတ်မှုအရေးကိုလည်း စိုးရိမ်နေရကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂရိနိုင်ငံပိုင် ရီနာအမည်ရှိ အဆိုပါကုန်တင်သင်္ဘောသောင်တင်ပျက်စီးမှုသည် နယူးဇီလန်နိုင်ငံအတွက် အဆိုးရွားဆုံး ပင်လယ်ရေကြောင်းဆိုင်ရာ မတော်တဆမှုဖြစ်ခဲ့ရသည်။

စတင်သောင်တင်ခဲ့သည့်ကာလမှစ၍ ရီနာကုန်တင်သင်္ဘောမှ ယိုစိမ့်ထွက်ခဲ့ရသော လောင်စာဆီများကြောင့် နယူးဇီလန်နိုင်ငံ နော့သ်ကျွန်းကမ်းခြေ ညစ်ညမ်းခဲ့ရပြီး ပင်လယ်ငှက်ပေါင်း နှစ်သောင်းကျော် သေဆုံးခဲ့ရသည်။

ယင်းသင်္ဘောမှ ယိုစိမ့်ခဲ့သော လောင်စာဆီကွက်ကြီးကို ဖယ်ရှားသန့်စင်ရန် ကြိုးပမ်းခဲ့သော်လည်း သင်္ဘောပေါ်၌ လောင်စာဆီ တန် ၄၀၀ နီးပါး ကျန်ရှိနေဆဲဖြစ်သည်။

ရီနာသင်္ဘောနှစ်ပိုင်းကျိုးပြတ်ခဲ့ပြီးနောက် သင်္ဘောဦးပိုင်းသည် မူလပုံသဏ္ဌာန်အတိုင်း မပြောင်းမလဲ တည်ရှိခဲ့သော်လည်း သင်္ဘောပဲ့ပိုင်းမှာ ဦးပိုင်းမှ ပေ ၁၀၀ ခန့်အကွာထိ ရွေ့ဆင်းခဲ့ကြောင်း နယူးဇီလန်အာဏာပိုင်များက ပြောကြားသည်။

သင်္ဘောနှစ်ပိုင်းကျိုးပြတ်စဉ်အတွင်း တင်ဆောင်ထားသော ကုန်သေတ္တာ ၈၈၀ အနက် ၃၀၀ ကျော်မှာ ပင်လယ်ရေအတွင်း ကျဆင်းပျောက်ပျက်ခဲ့ရသည်။ သို့ရာတွင် ယင်းကုန်သေတ္တာများအနက် ၃၀ ရာခိုင်နှုန်းခန့်မှာ စောင့်ကြည့်ရှာဖွေရေးကိရိယာများ တပ်ဆင်ထားပြီးဖြစ်ပြီး အလုံး ၃၀ ခန့်၏ တည်နေရာကို ရှာဖွေနိုင်ခဲ့ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်တာနက်။

ဘူဂေးရီးယားနိုင်ငံတွင် ဆီးနှင်းများထူထပ်စွာကျဆင်း

ဆိုဖီယာ ဇန်နဝါရီ ၈

ဘူဂေးရီးယားနိုင်ငံတွင် ဇန်နဝါရီ ၇ ရက်က ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ကမောက်ကမဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရပြီး ရာနှင့်ချီသော အရေအတွက်ရှိသည့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကာ ယာဉ်သွားယာဉ်လာများ ရပ်ဆိုင်းသွားခဲ့ရသည်ဟု တာဝန်ရှိသူများနှင့် ဒေသတွင်းသတင်းဌာနများက ပြောကြားခဲ့သည်။

ဓာတ်အားပြတ်တောက်

မြို့နှင့်ကျေးရွာ ၃၀၀ ကျော်ခန့်တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ကြောင်းနှင့် ဘူဂေးရီးယားနိုင်ငံ အနောက်ပိုင်းဒေသများ၌ လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းနေသော်လည်း လေတိုက်နှုန်းမြင့်မားမှုကြောင့် ခက်ခက်ခဲခဲ ဆောင်ရွက်နေရသည်ဟု ဓာတ်အားဖြန့်ဖြူးသည့် ကုမ္ပဏီက ပြောကြားခဲ့သည်။

ဘော်လကန်ဒေသနိုင်ငံဖြစ်သည့် ဘူဂေးရီးယားနိုင်ငံတွင် ကျဆင်းခဲ့သည့် ဆီးနှင်းထုထည်မှာ စင်တီမီတာ ၆၀(နှစ်ပေ)နီးပါးမျှရှိခဲ့ပြီး အပူချိန်မှာ အနုတ် ၁၀ ဒီဂရီဆဲလ်စီးယပ်စ် (၁၄ ဒီဂရီဖာရင်ဟိုက်)ထိ ကျဆင်းနေ၍ ပြည်သူများအနေဖြင့် ခရီးသွားလာမှုများမပြုလုပ်ကြရန် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့လုပ်ငန်းဝန်ကြီးဌာနမှ သတိပေးချက်ထုတ်ပြန်ထားသည်။

ဘေးကင်းရာရွှေ့

ဘူဂေးရီးယားအစိုးရသတင်းဌာနမှ သတင်းထုတ်ပြန်ရာတွင် နိုင်ငံအရှေ့တောင်ပိုင်း ရီလာတောင်တန်းဒေသရှိ ဆောင်းရာသီ အပန်းဖြေစခန်းတစ်ခုဖြစ်သည့် ဆမ်ကိုဗိုမှ ကလေးငယ် ၁၀၀ ခန့်ကို အာဏာပိုင်များက ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဖော်ပြထားသည်။

ပြင်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် ဘူဂေးရီးယားနိုင်ငံ အရှေ့တောင်ပိုင်းဒေသမှ လမ်းများပျက်စီးခဲ့ရပြီး အစွန်အဖျားဒေသရှိ ကျေးရွာများနှင့် အဆက်အသွယ်ပြတ်တောက်လျက်ရှိသည်ဟု သတင်းတွင် ဖော်ပြထားသည်။ **အင်တာနက်။**

ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးမည့် အဖွဲ့အစည်းသစ်တစ်ခု(သို့မဟုတ်) အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်

မောင်မုဒိတာ

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်

အများစုကစိမ်းနေဦးမည့် အမည်တစ်ခု။ ၁၆-၁၂-၂၀၁၁ ရက်နေ့က ပထမဆုံးအကြိမ်အစည်းအဝေးကျင်းပခဲ့ကြောင်း သတင်းများတွင်ဖတ်ရှုခဲ့ရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၄-၁၁-၂၀၁၁ ရက်စွဲနှင့် အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၁)ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပြည်တွင်း/ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အားသွန်ခွန်စိုက် အကောင်အထည်ဖော်ပေးမည့် နိုင်ငံတော်အဖွဲ့အစည်း (National Institution)တစ်ခုပင် ဖြစ်သည်ဟုဆိုရပါမည်။

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၌ ဝန်ကြီးဌာန ပေါင်းစုံပါဝင်၍ စုစုပေါင်းအင်အား ၂၃ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက် ဤကော်မရှင်ကို အမျိုးသားလူဦးရေမူဝါဒရေးဆွဲရန်၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြုစုရန်၊ အိမ်ထောင်စု တစ်စုချင်းအပေါ် အခြေခံ၍ ဆင်းရဲနွမ်းပါးမှုလျှော့နည်းကျဆင်းပပျောက်စေမည့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု (Quality of Life) ဖော်ဆောင်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (International Conference on Population and Development)မှ ချမှတ်ထားသော အရေးပါသည့်ရည်မှန်းချက်များနှင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်၊ ကုလသမဂ္ဂ၊ ပြည်တွင်း/ပြည်ပ လူဦးရေဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၏ လူဦးရေဖြစ်စဉ်များကို ပြန်ပြောင်းလေ့လာကြည့်ပါက ကမ္ဘာ့နိုင်ငံများတွင် ၂၀ ရာစုနောက်ပိုင်း၌ လူဦးရေ လျင်မြန်စွာ တိုးပွားလျက်ရှိရာ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုတိုးပွားလျက်ရှိသည်ကို တွေ့ရသည်။ ကမ္ဘာ့လူဦးရေသည် ၁၈ ရာစုနှောင်းပိုင်းကာလများက သန်းတစ်ထောင်သာရှိခဲ့ပြီး ၁၉၃၀ ခုနှစ်တွင် သန်းနှစ်ထောင်၊ ၁၉၆၀ ခုနှစ်တွင် သန်းသုံးထောင်၊ ၁၉၇၅ ခုနှစ်တွင် သန်းလေးထောင်၊ ၁၉၈၇ ခုနှစ်တွင် သန်းငါးထောင်၊ ၁၉၉၉ ခုနှစ်တွင် သန်းခြောက်ထောင်၊ ယခု ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် သန်းခုနစ်ထောင် အသီးသီးဖြစ်လာခဲ့သည်။ လူဦးရေ သန်းတစ်ထောင်မှ သန်းနှစ်ထောင်တိုးရန် နှစ် ၅၀ ကြာမြင့်ခဲ့ပြီး သန်းသုံးထောင်ဖြစ်ရန် နှစ်ပေါင်း ၃၀ သာကြာမြင့်ခဲ့သည်။ သန်းသုံးထောင်၊ သန်းလေးထောင်၊ သန်းငါးထောင်၊ သန်းခြောက်ထောင်၊ သန်းခုနစ်ထောင် အဆင့်ဆင့်ဖြစ်ရန် တစ်ဆင့်နှင့်တစ်ဆင့် ၁၀ နှစ်ကျော်သာ ကြာမြင့်ခဲ့သည်ကို တွေ့ရှိရသဖြင့် လျင်လျင်မြန်မြန်နှင့် တိုးပွားနေသည်ကတော့ အမှန်ပင်။

လူဦးရေတိုးပွားလာခြင်းနှင့်အတူ နိုင်ငံအများစုတွင် သာတူညီမျှမရှိခြင်း၊ ဆင်းရဲချမ်းသာကွာဟမှု ပိုမိုကြီးထွားခြင်း၊ စားနပ်ရိက္ခာ မဖူလုံခြင်း၊ သောက်သုံးရေ ရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ ဖြစ်ပေါ်ကာ ဘေးအန္တရာယ်ဆိုးများဖြင့် ကြုံတွေ့နေရသည့်ဖြစ်စဉ်များ အများအပြားရှိလာပြီဖြစ်သည်။

ယင်းကဲ့သို့ လူဦးရေဆိုင်ရာပြဿနာများ ဖြေရှင်းဆောင်ရွက်နိုင်စေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီး၏ စီးပွားရေးနှင့် လူမှုရေးကောင်စီက ၃-၁၀-၁၉၄၆ ရက်နေ့တွင် လူဦးရေကော်မရှင် (Population Commission) ကို အဖွဲ့ဝင် ၂၇ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင် (Population and Development Commission) ဟု အမည်ပြောင်းလဲပြီးအဖွဲ့၏ ၄၇ နိုင်ငံဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်သည် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်ရှိ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီသို့ အကြံပြုတင်ပြရသည်။ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီတို့ ပူးပေါင်း၍ ၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သည့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို ယင်းကော်မရှင်က လေ့လာသုံးသပ်အကြံပြုခဲ့သည်။

လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ကမ္ဘာ့နိုင်ငံအားလုံးအတွက် အရေးပါသော အကြောင်းတစ်ရပ်ဖြစ်လာခဲ့သည်။ ကလေးမွေးဖွားနှုန်းများပြောင်းလဲခြင်း၊ သက်ကြီးရွယ်အိုအရေအတွက် များပြားလာခြင်း၊ ပြောင်းရွှေ့သွားလာခြင်းနှင့် မြို့ပြပြည်ရွာများထွန်းကားခြင်း စသည်တို့ကြောင့် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်ရေး၊ ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့လာကြသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအများစု၏ လွှတ်တော်များတွင်လည်း လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်း၍ လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။

အာရှနိုင်ငံအများစုသည် မိသားစုအစုအဖွဲ့ကို လူဦးရေ၏ အခြေခံအကျဆုံးသော အဖွဲ့အစည်းအဖြစ်ရှုမြင်၍ မိသားစုဘဝကို အလေးထားကြသည်။ ထို့ကြောင့် အာရှဒေသတွင်း၌လည်း လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပါလီမန်အမတ်များ၏ အာရှဖိုရမ် (Asian Fourm of Parliamentarians on Population and Development-AFPPD) ကို ၁၉၈၁ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ ယင်းအဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်၍ အာရှဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်ကာ လူဦးရေမူဝါဒချမှတ်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကို ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် နိုဝင်ဘာလအတွင်း (AFPPD) မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Shiv Khare မြန်မာနိုင်ငံသို့ လာရောက်၍ လွှတ်တော်ရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းများအရ သိရှိရသည်။ ယခုအခါ လွှတ်တော်တွင်လည်း လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Social Development Committee) ကို ဖွဲ့စည်းပြီးကြောင်း သိရသည်။ အစိုးရအဖွဲ့အစည်းအတွင်း၌လည်း တင်ပြပြီးဖြစ်သည့်အတိုင်း အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်၍ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။

ဤနေရာတွင် လူဦးရေမူဝါဒဆိုသည်ကို အနည်းငယ်ရှင်းလင်းလိုပါသည်။ လူဦးရေမူဝါဒဆိုသည်မှာ လူဦးရေကို အကျိုးသက်ရောက်စေနိုင်သည့် မွေးဖွားမှု၊ သေဆုံးမှု၊ ပြည်တွင်း ပြည်ပ ပြောင်းရွှေ့နေထိုင်မှု၊ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှုတို့နှင့် ဆက်နွယ်သည့် မူဝါဒများနှင့် လူမှုစီးပွားရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များအားလုံးကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ လူဦးရေမူဝါဒကို ချမှတ်ရာတွင် နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့နှင့် တစ်သားတည်းဖြစ်သင့်ပြီး နိုင်ငံသားအားလုံး၏ လူနေမှုဘဝမြင့်မားစေရန် အဓိကဦးတည်လျက် နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်သည့် အနေတော်လူဦးရေ (Optimum Level) ကို သတ်မှတ်ရန်ဖြစ်သည်။ ဤနေရာတွင် မိမိနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေ၊ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ မိမိနိုင်ငံ၏ လက်ရှိလူဦးရေ တိုးနှုန်း၊ မွေးနှုန်း၊ သေနှုန်း၊ ပြောင်းရွှေ့နေထိုင်မှု၊ မျှော်မှန်းသက်တမ်း၊ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေသိပ်သည်းဆနှင့် ပျံ့နှံ့နေထိုင်ပုံ၊ အမျိုးသားလုံခြုံရေးအတွက် ကာကွယ်ရေးအင်အား လိုအပ်ချက်တို့အပေါ် မူတည်စဉ်းစားသုံးသပ်ရေးဆွဲရမည်ဖြစ်သည်။

နိုင်ငံတိုင်းအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာရှင် အတတ်ပညာရှင်များပေါ်ထွန်းလာရေးတို့အတွက် လူသည် မရှိမဖြစ် လိုအပ်သော်လည်း လူဦးရေများလွန်းလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ခြင်း၊ စားနပ်ရိက္ခာမလုံလောက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။ လူအင်အားနည်းလွန်းပါကလည်း နောက်ဆက်တွဲ ဆိုးကျိုးတရားများက များစွာ။ ထို့ကြောင့် နိုင်ငံတိုင်းတွင် နိုင်ငံ၏ အကျယ်အဝန်း၊ သယံဇာတ၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် ကိုက်ညီသည့် သင့်တင့်မျှတသော အနေတော်လူဦးရေ (Optimum Level) ရှိရန် လိုအပ်သည်။ ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး၊ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဓိကအချက်များ ဖြစ်လာသည်။

နိုင်ငံတော်အစိုးရသစ်သည် စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ချမှတ်ကာ လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် အကောင်အထည်ဖော်မှုအဖြစ် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုကို လက်ရှိအခြေအနေမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏ လုပ်ငန်းစဉ်များကလည်း အဓိကအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ဤအမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်သည် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့အကျယ်အဝန်း၊ သဘာဝသယံဇာတ အရင်းအမြစ်များနှင့် အချိုးညီသော လူဦးရေ အရွယ်အစား၊ ပုံသဏ္ဌာန်၊ ပျံ့နှံ့ပုံတို့ရရှိအောင် ဖော်ဆောင်ရမည်ဖြစ်သည်။ သင့်တော်သည့် အရွယ်အစားရှိ၍ အရည်အသွေးပြည့်ဝသော မိသားစုများဖြစ်စေရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် သက်ရှည်ကျန်းမာ၍ မျှော်မှန်းသက်တမ်းများ မြင့်မားလာစေရေးအပြင် ဆင်းရဲနွမ်းပါးမှုလျှော့ကျကာ မိသားစုတစ်စုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်တပ်တစ်အား ပံ့ပိုးဖော်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များသည် ယခင်က ကြားခဲ့ရသည့် နဂါးနီသီချင်းထဲကကဲ့သို့ပင် ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ ဘေးရန်ကာဆီးမည်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချ၍ ကျေးလက်နေပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်သဖြင့် ခေတ်သစ်နဂါးနီအဖြစ် တင်စားကာ မုဒိတာပွားမိပါသည်။ ကော်မရှင်၏ရည်မှန်းချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းရေးသားအပ်ပါသည်။ ။

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်ဖွင့်လှစ်သော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းသို့ ဒေါက်တာတင်အောင်ဆွေ-ဒေါ်ခင်ဆွေတင့် မိသားစု(ခေတ္တ-စင်ကာပူ)က အလှူငွေကျပ် ၁၀ သိန်းအား အသင်းအဖွဲ့ဝင် သီဟသုဓမ္မ မဏိဇောတဓရ ဦးသန်းဇော်ထံ လှူဒါန်းစဉ်။ (ကြေးမုံ)

ရောဂါဗေဒဆရာဝန်များညီလာခံ မန္တလေး၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၈

သတ္တမအကြိမ်မြောက် ရောဂါဗေဒဆရာဝန်များ ညီလာခံကို ဇန်နဝါရီ ၇ ရက်က မန္တလေးမြို့ လမ်း ၇၀ နှင့် ၃၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)၌ ကျင်းပသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသစ်လွင်၊ ရောဂါဗေဒဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းနှင့် ဆရာဝန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသစ်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရောဂါဗေဒဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒေါက်တာခင်ညွန့်သန်းက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသစ်လွင်၊ ရောဂါဗေဒ ဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများက ဆေးကုမ္ပဏီ ၁၄ ခုမှ ပြသထားသော ဆေးပညာဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

အခမ်းအနား ဒုတိယအစီအစဉ်ဖြစ်သော ရောဂါဗေဒဆိုင်ရာ ဟောပြောပွဲများကို နံနက် ၁၀ မှ ညနေ ၄ နာရီထိ ဆက်လက်ကျင်းပသည်။ (၀၀၂)

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကွမ်းခြံကုန်းစံပြကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၅ ရက် ည ၇ နာရီက စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပကြောင်း သိရသည်။**(အောက်ပုံ)**

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲတွင် အခမ်းအနားမှူးအဖြစ် စာရေးဆရာ၊ သတင်းထောက် ခိုင်မင်း (နေပြည်တော်)က ဆောင်ရွက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင် (စာရေးဆရာ-ထက်ခေါင်)က "ဗဟုသုတအဖြာဖြာ သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ဟောပြောပြီး မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့ ရဲတပ်ဖွဲ့ဌာနချုပ် (နေပြည်တော်)မှ ရဲအုပ်မောင်အောင်က လူကုန်ကူးခံရခြင်း အကြောင်းအရာဖြစ်စဉ်များကို ဟောပြောခဲ့သည်။ ထို့နောက် စာရေးဆရာ ခိုင်မင်း (နေပြည်တော်)က ဒေသခံများ ဗဟုသုတတိုးပွားစေရန် စာအုပ်/စာစောင် ၁၅၀ ကို လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူ၍ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

စာပေဟောပြောပွဲ အခမ်းအနားသို့ ဒေသခံစာပေဝါသနာရှင် ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား တရုတ်ပါမောက္ခ ခေါင်းဆောင်သောအဖွဲ့တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပညာရေးအဖွဲ့အစည်းကြီးဖြစ်သော Chinese Academy of Sciences (CAS) မှ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ Dr. DING Zhongli ခေါင်းဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေနှင့် အဖွဲ့လိုက်ပါလျက် ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရပ်ကွက်ဖွံ့ဖြိုးရေး လမ်းပေါင်းနှစ်ထောင်ကျော် အဆင့်မြှင့်တင်ခင်းကျင်းနိုင်ခဲ့မှုနှင့် ရန်ကုန်မြို့အဆင့်မြှင့်ရေး ဆောင်ရွက်ချက်များ

သတင်းမှတ်စု ဆုနှင်းလဲ့

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ဖြစ်သည်နှင့်အညီ မြို့ပြအင်္ဂါရပ်များနှင့်လျော်ညီစွာ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးကော်မတီဖွဲ့စည်းကာ ကော်မတီအဆင့်ဆင့်ဖြင့် ပိုမိုတိုးတက်ကောင်းမွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အခြေခံကျသော လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လုံခြုံစွာသွားလာနိုင်ရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ မြို့နေလူထုသောက်သုံးရေ ဖူလုံစွာရရှိစေရေးတို့ကို အထူးအလေးပေးဆောင်ရွက်ခဲ့သည်။ အဓိကအားဖြင့် လမ်းနှင့်တံတားကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

နှစ်စဉ် လမ်းနှင့်တံတားဌာနအတွက် ဘဏ္ဍာငွေ ပိုမိုတိုးတက်သုံးစွဲခဲ့ပြီး ယခုနှစ်ဘဏ္ဍာရေးနှစ်တွင်လည်း ဘီလီယံ၂၀ ခန့်အထိ သုံးစွဲကာ ရန်ကုန်မြို့ရှိ ရပ်ကွက်ဖွံ့ဖြိုးရေးလမ်းများ၊ အဓိကကျသော လမ်းမကြီးများ ပြန်လည်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခင်းကျင်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်ပြုလုပ်သွားမည်ဟု သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် လမ်းများအဆင့်မြှင့်တင်ခင်းကျင်းပေးခဲ့ရာတွင် အဓိကကျသော လမ်းမကြီးများ၊ ရေဝပ်ပြီး လမ်းသားနိမ့်နေသော လမ်းများကိုလည်း ကွန်ကရစ်လမ်းမကြီးများအဖြစ် ခင်းကျင်းခဲ့သည်ဟု သိရသည်။ **(အောက်ပုံ)** လမ်းမကြီးများ ခင်းကျင်းမှုနှင့်အတူ လမ်းဘေးလူသွားစင်္ကြံများ အသစ်ပြန်လည်ပြုပြင်ခြင်း၊ အလှဆင်ခြင်းများကိုလည်း ဆောင်ရွက်နေသည်ဟု သိရသည်။ ယင်းအပြင် ရေမြောင်းများ ပြန်လည်တူးဖော်၍ မြေအောက်ဖြတ်မြောင်းများ အသစ်ပြန်လည်ပြုပြင်ကာ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ရန်ကုန်မြို့ အဆင့်မြှင့်တင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းခွင်များတွင် အသုံးပြုရန် ဘိလပ်မြေများကိုလည်း ပြည်ပမှ မှာယူတင်သွင်း၍ ဆောင်ရွက်ပေးနေခြင်းအပြင် ပြည်တွင်းလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ပြည်ညောင်ရွာအနီးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ မြို့တော် ဘိလပ်မြေစက်ရုံကြီးကိုလည်း ဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့သည်။ ဘိလပ်မြေစက်ရုံကြီးကို မြို့တော်ဝန်၏ ဦးဆောင်မှုနှင့်အတူ ၂၀၀၇ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဧပြီလကုန်ပိုင်းတွင် စက်ရုံ စတင်လည်ပတ်နိုင်ခဲ့ပြီး နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများ၊ ရန်ကုန်မြို့ အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနေပြီဖြစ်သည်။

ဆက်လက်၍ စီးပွားရေးမြို့ဖြစ်သော ရန်ကုန်ကို သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် လမ်းများကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သောက်သုံးရေဖူလုံစွာရရှိရေး၊ သန့်ရှင်းသပ်ရပ်လှပရေးတို့အတွက် ဆောင်ရွက်နေမှုများအပြင် မြို့ပြဧရိယာအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံကိန်းများ၊အဆင့်မြင့်အဆောက်အအုံစီမံကိန်းများ၊ အဆင့်မြင့်ဈေးစီမံကိန်းများ၊ ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကလည်း အနာဂတ်ဖြစ်ပေါ်လာမည့် ရန်ကုန်မြို့၏ မြင်ကွင်းများအား ပုံဖော်နိုင်တော့မည်ဖြစ်သည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ သတ္တဌာန (ရတနာဦး၊ တေးရေး- ဒဂုန်ဆရာတင်)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ "ဖွံ့ဖြိုးမှုအညီရွှေဘိုနှင့် စစ်ကိုင်းစက်ရုံများဆီ"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ "စက်မှုဇုန်မှာကျွန်မစက်ရုံ လာတည်တော့မယ်"
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (ရူပဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၃၂)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ "ကမ္ဘာကျော်သရုပ်ဆောင်များ"
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၁၅)**
- ၁၈။ အိန္ဒိယရုပ်ရှင် **"မော်ကွန်းတင်တဲ့ ပိန်းဒါးစစ်သည်" (အပိုင်း-၁)**
- ၁၉။ အစီအစဉ်ပြီး၏

ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၈

ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းချစ်ဦးက ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအသစ် ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် လုပ်ငန်းတာဝန်များ၊ ပြည်နယ်တရားမဝင် ခိုးကူးခွေတားဆီးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီ၏လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကော်မတီအတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်းတာဝန်ခံဌာနခွဲမှူး ဦးစောလင်းထွန်းက ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက လုပ်ငန်းများအောင်မြင်ရေး အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၈

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ (၁၁)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ဇန်နဝါရီ ၁၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဓမ္မရောင်ခြည် သွေးလှူရှင်အဖွဲ့မှ ဒသမအကြိမ်ထိ သွေးပုလင်း ၂၀၀၀ ကျော်ကို ထောက်ပံ့လှူဒါန်းခဲ့ပြီးဖြစ်၍ အရေးပေါ်လှူဒါန်းမှုအနေဖြင့် လစဉ် သွေးပုလင်း ၆၀ ကျော်ကို လှူဒါန်းပေးလျက်ရှိသည်။

ယခုသွေးလှူဒါန်းပွဲတွင် ဓမ္မရောင်ခြည် လုပ်ငန်းခွဲများမှ ဓမ္မမိတ်ဆွေများနှင့် ဓမ္မရောင်ခြည်ပုံမှန်သွေးလှူရှင်များအပြင် အသက် (၁၈) နှစ်မှ (၅၅) နှစ်အတွင်း ကိုယ်အလေးချိန်ပေါင် ၁၀၀ ကျော်၍ ရောဂါကင်းရှင်း ကျန်းမာရေးကောင်းမွန်သော မည်သူမဆို သွေးလှူရှင်အဖြစ် လာရောက်လှူဒါန်းနိုင်ကြောင်း၊ လှူဒါန်းသည့်စေတနာသွေးလှူရှင်များကို ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းမှ တရားစာအုပ်များနှင့် အာဟာရများကို လှူဒါန်းမည်ဖြစ်ကြောင်းနှင့် သွေးလှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း ဖုန်း-၃၈၂၉၃၅၊ ၃၇၁၈၀၀-လိုင်းခွဲ (၃၆၄)၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၀၁၅၄၄၆နှင့် ၀၉-၅၁၄၃၉၉၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

၂၀၁၂ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အထက (၁) ရွှေပြည်ရတနာခန်းမ၌ ကျင်းပရာ ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် သိန်း ၃၀ အထက် စည်းရုံးရေးစွမ်းဆောင်ရည်မြင့်မားစွာ ပါဝင်ထောက်ပံ့ဆောင်ရွက်ခဲ့သော အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းထိုက်အောင် ထူးချွန်ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကျန်းမာရေး အသိပညာပေး

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ လိုက်(ဖ်)ဘွိုင်း ဆပ်ပြာပရိုမိုးရှင်းအဖွဲ့က ကျန်းမာရေးအသိပညာပေးခြင်းနှင့် ခနောဆန်ပြုတ် အာဟာရတိုက်ကျွေးခြင်း အခမ်းအနားတွင် ဒေါက်တာဇော်လင်းအောင်က ကျန်းမာရေးအသိပညာပေး ဟောပြောကြောင်း သိရသည်။ (ကြေးမုံ)

☆ **ရှေ့ဖုံးမှ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ **ငြိမ်းချမ်းရေးဖော်ဆောင်ရေးမှ**

ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ဒေါက်တာရွှေခါး ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့တို့၏ ရှေ့မှောက်၌ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး (CNF)ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ပဏာမဆောင်ရွက်ရန် သဘောတူညီချက်အချို့အား လက်မှတ်ရေးထိုးကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးနှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာရွှေခါးတို့သည် ပဏာမသဘောတူညီချက်စာချုပ်ကို အပြန်အလှန်လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ **ချင်းပြည်နယ်အတွင်းမှ**

ထို့နောက် ဟားခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အတွက် အထူးအလေးထားပြီး လုပ်ငန်း(၈)ရပ်ဖြင့် စီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ ပြည်ထောင်စုဝန်ကြီးများအား အထူးတာဝန်ပေး ဆောင်ရွက်စေလျက်ရှိကြောင်း၊ ချင်းပြည်နယ်အတွက် ဒေသနှင့်ကိုက်ညီသည့် လက်ဖက်နှင့် ပိုးစာလုပ်ငန်းများ အောင်မြင်အောင် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နွားနောက်မွေးမြူရေးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လည်း ကူညီပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းကောင်းများဖြစ်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ် ၂၇၃ ဒသမ ၆ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းအမျိုး ၂၀၊ ထန်တလန်မြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ် ၄ ဒသမ ၈၆ သိန်းတန်ဖိုးရှိ တီဗွီသုံးလုံး၊ ဖလမ်းမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ် ၄ ဒသမ ၈၆ သိန်းတန်ဖိုးရှိ တီဗွီသုံးလုံး၊ တွန်းဇံမြို့နယ် ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၃ ဒသမ ၂၄ သိန်းတန်ဖိုးရှိ တီဗွီနှစ်လုံး၊ တွန်းဇံ အထက်တန်းကျောင်းအတွက် ငွေကျပ် ၄ ဒသမ ၄ သိန်းတန်ဖိုးရှိ ကွန်ပျူတာနှင့် ပရင်တာတစ်စုံ၊ ကျီခါးမြို့နယ်ခွဲ ပြည်သူ့ဆေးရုံအတွက် ငွေကျပ် ၄၆ ဒသမ ၅ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်း သုံးမျိုး၊ ကျီခါးအထက်တန်းကျောင်းအတွက် ငွေကျပ် ၄ ဒသမ ၄ သိန်းတန်ဖိုးရှိ ကွန်ပျူတာနှင့် ပရင်တာတစ်စုံ၊ ရိခေါဒါရ်မြို့နယ်ခွဲ ပြည်သူ့ဆေးရုံအတွက် ငွေကျပ် ၁၅ ဒသမ ၃ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်း သုံးမျိုးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ရန် ဖိတ်ကြားထားကြောင်းနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးသည့် မျိုးဆက်သစ်အင်ဂျင်နီယာများ၏ Process & Products ပြပွဲ ပြသခြင်းကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ လှိုင်တက္ကသိုလ်နယ်မြေ အားကစားရုံ အမှတ်(၂)၌ လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၁၉၆၇၃-၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆင်းရဲမှုလျှော့ချရေး အလေးပေးဆောင်ရွက်နေ

သတင်းမှတ်စု - ကိုတင်လှိုင်(မိတ္ထီလာ)
ဓာတ်ပုံ - ကိုသန့်စင်(ထီလာမြေ)

မြန်မာနိုင်ငံ အစိုးရသစ်လက်ထက်တွင် ဆင်းရဲသော အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်အနက် တစ်ခု အပါအဝင်ဖြစ်သော အသေးစား ငွေကြေးဝန်ဆောင်မှု အစီအစဉ်ကို ချမှတ် ဖော်ဆောင်လျက်ရှိသည်။ ဆင်းရဲသည့် ခေါင်းရွက်ဗျပ်ထိုး ပျံကျဈေးသည်များနှင့် အနေ့းယာဉ်လုပ်သားများ ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ငွေချေးလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲမှုလျှော့ချရေးအတွက် ပျံကျဈေးသည်များအား ချေးငွေထုတ်ပေးခဲ့ရာ ကချင်ပြည်နယ်မှ ခုနစ်ဖွဲ့ ငွေကျပ် ၆၆ ဒသမ ၁၀ သန်း၊ ကယားပြည်နယ်မှ တစ်ဖွဲ့ ငွေကျပ် ၅ ဒသမ ၀၀ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှစ်ဖွဲ့ ငွေကျပ် ၂၂၂ ဒသမ ၆၈ သန်း၊ မကွေးတိုင်းဒေသကြီးမှ ၂၄ ဖွဲ့ ငွေကျပ် ၁၄၈ ဒသမ ၆၀ သန်း၊ မန္တလေးတိုင်းဒေသကြီးမှ ၂၂ ဖွဲ့ ငွေကျပ် ၁၅၈ ဒသမ ၂၄ သန်း၊ ရှမ်းပြည်နယ်မှ ၂၉ ဖွဲ့ ငွေကျပ် ၄၄၂ ဒသမ ၈၉ သန်း၊ ကရင်ပြည်နယ်မှ ငါးဖွဲ့ ငွေကျပ်၂၄ ဒသမ ၄ သန်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ငါးဖွဲ့ ငွေကျပ် ၂၅ ဒသမ ၂၀ သန်း၊ ပဲခူးတိုင်းဒေသကြီးမှ ၁၉ ဖွဲ့ ငွေကျပ် ၁၈၅ ဒသမ ၅၅ သန်း၊ မွန်ပြည်နယ်မှ ၁၀ ဖွဲ့ ငွေကျပ် ၁၁၀ ဒသမ ၈၂ သန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၁ ဖွဲ့ ငွေကျပ် ၁၁၈ ဒသမ ၅၀ သန်း၊ ရခိုင်ပြည်နယ်မှ ၁၂ ဖွဲ့ ငွေကျပ် ၄၁ ဒသမ ၉၀ သန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၂၆ ဖွဲ့ ငွေကျပ် ၁၈၇ ဒသမ ၃၀ သန်း စုစုပေါင်း ၁၇၉ ဖွဲ့တို့အား ငွေကျပ် ၁၇၃၇ ဒသမ ၁၈ သန်း ထုတ်ချေးပေးထားကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ပါဝင်သည့် ကျောက်ဆည်မြို့နယ်မှ မြို့မဈေးနှင့် အေးမြကြည်လင်ဈေးမှ ပျံကျ ခေါင်းရွက်ဗျပ်ထိုးဈေးသည် ၃၅ ဦး၊ ကျောက်ပန်းတောင်း မြို့မဈေးမှ ၈၅ ဦး၊ ငါန်းဇွန် မြို့မဈေးမှ ၂၅ ဦး၊ စဉ့်ကူးမြို့မ၊ လက်ပန်လှ၊ ရွှေပြည်ကျည်တောက်ပေါက်ဈေးမှ ၂၆၀၊ စဉ့်ကိုင်မြို့မဈေးနှင့် ပလိပ်ဈေးမှ ၄၈ ဦး၊ ညောင်ဦးမဏိစည်သူဈေးနှင့် ပုဂံဈေးမှ ဈေးသည် ၂၉၇ ဦး၊ တောင်သာမြို့မဈေးမှ ၁၂၆ ဦး၊ တံတားဦး မြို့မပျံကျဈေးမှ ၁၂၇ ဦး၊ နွားထိုးကြီး မြို့မဈေးမှ ၁၂၄ ဦး၊ ပုသိမ်ကြီးအုန်းချောဈေးမှ ၁၂၀၊ ပျော်ဘွယ် မြို့မဈေးမှ ၁၆၈ ဦး၊ ပြင်ဦးလွင် မြို့မဈေးမှ ၂၀၀၊ မလှိုင်မြို့မဈေးမှ ၉၅ ဦး၊ မိုးကုတ် ပတ္တမြားနှင့် နီလာဈေးမှ ၁၀၀၊ မတ္တရာမြို့မဈေးမှ ၁၅၉ ဦး၊ မိတ္ထီလာဈေးကြီး၊ ဗဟိုဈေး၊ ပိတောက်မြိုင်ဈေးမှ ၁၀၀၊ မြင်းခြံ မြို့မဈေးနှင့် အေးမြသီတာဈေးမှ ၁၇၉ ဦး၊ မြစ်သားဈေးနှင့် ကူမဲဈေးမှ ၇၅ ဦး၊ ရမည်းသင်းမြို့မဈေးမှ ၂၅၀၊ ဝမ်းတွင်းမြို့မှ ဝမ်းတွင်း၊ သဲတော၊ လျှော်ပင်ဈေးမှ ၁၅၀၊ သာစည်မြို့မဈေးမှ ၁၃၂ ဦးနှင့် သပိတ်ကျင်းမြို့မဈေး၊ သီရိမင်္ဂလာဈေးနှင့် ရွှေတန်းဈေးမှ ၈၀ စုစုပေါင်း ပျံကျခေါင်းရွက်ဗျပ်ထိုး လမ်းဘေးဈေးသည် ၃၀၃၅ ဦးတို့အား ချေးငွေကျပ် ၁၅၈ ဒသမ ၂၄ သန်း ထုတ်ချေးပေးခဲ့သည်။

ဤကဲ့သို့ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များက ဆင်းရဲမှုလျှော့ချရေး အတွက် ဆင်းရဲသည့် ခေါင်းရွက်ဗျပ်ထိုး ပျံကျဈေးသည်များနှင့် အနေ့းယာဉ်လုပ်သားများအတွက် မိသားစုစီးပွားရေး လည်ပတ်ကောင်းမွန်စေပြီး ပိုင်ဆိုင်မှု မြင့်မားတိုးတက်လာစေရေး ငွေထုတ်ချေးပေးမှုနှင့် ပျံကျဈေးသည်များ စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေးအခက်အခဲများ မည်မျှအထိ ဖြေရှင်းပေးနိုင်သည်ကို သိရှိနိုင်ရန်အတွက် စာရေးသူတို့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့များမှ ခေါင်းရွက်ဗျပ်ထိုး ပျံကျဈေးသည်များထံ ကွင်းဆင်းသတင်းရယူခဲ့သည်။

ရှေးဦးစွာ နွားထိုးကြီး ပျံကျဈေးထဲမှ ကြက်သွန်သည် မစန်းစန်းရီကလည်း "စည်ပင်သာယာရေးအဖွဲ့က ပျံကျဈေးသည်များကို ငွေထုတ်ချေးပေးအနေ့းယာဉ်လုပ်သားအား ချေးငွေကျပ် ၃၀၀၀၀ ချေးသဖြင့် ကျေးဇူးတင်ကြောင်း" ဝမ်းပန်းတသာ ပြောကြားခဲ့သည်။

သာစည်မြို့မှ မြင်းလှည်းဆရာ ကိုမောင်ကိုကလည်း " မိသားစုရှစ်ဦး ရှိကြောင်း၊ မြင်းလှည်းမောင်းရငွေ တစ်နေ့ငွေကျပ် ၂၀၀၀ ကျော်သာရ၍ မိသားစုစားဝတ်နေရေး ကျပ်တည်းကြောင်း၊ ယခုအခါ ချေးငွေကျပ် ၆၀၀၀၀ ထုတ်ချေးပေးသဖြင့် ဝမ်းသာကျေးဇူးတင်ကြောင်း၊ ထုတ်ပေးထားသည့် ချေးငွေကျပ် ၆၀၀၀၀ ကို ကြက်ဘဲများ မွေးမြူထားကြောင်း၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိမည်ဖြစ်၍ စားဝတ်နေရေး အသင့်အတင့်သဖြင့် ဝမ်းသာမိကြောင်း၊ မိမိတစ်သက်တွင် ယခုကဲ့သို့ အတိုးနှုန်းချိုသာစွာဖြင့် ငွေကျပ် ၂၀၀၀၀ ယုံကြည်စွာ ထုတ်ချေးသည်မှာ ဒီတစ်ခါသာ တွေ့ဖူးကြောင်း၊ မိသားစုစားဝတ်နေရေးလည်း ယခင်ကထက် ပိုမိုပြေလည်သွားကြောင်း"၊ မြစ်သားမြို့မှ အနေ့းယာဉ် ဆိုက်ကားသမား ဦးဝင်းမြင့်ကလည်း "ကိုယ်ပိုင်ဆိုက်ကားနင်းလာသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ မိသားစု ခုနစ်ဦးရှိကြောင်း၊ ဆိုက်ကားနင်းရငွေ တစ်နေ့ငွေကျပ် ၂၀၀၀ ခန့် ရကြောင်း၊ မိသားစုစားဝတ်နေရေး မပြေလည်ကြောင်း၊ ကျပ်တည်းကြောင်း၊ ယခုကဲ့သို့အဖွဲ့က ချောင်လည်သွားမည်ဖြစ်၍ ဝမ်းသာနေကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် လျှော်ပင်ငါးရက်တစ်ဈေးမှ ပန်းသည် ဒေါ်ဘုမ၊ မလှိုင်ဈေးအတွင်းမှ ထမင်းဟင်းအသုပ်စုံသည်မလေး မတင်တင်ထွေး၊ တောင်သာမြို့ဈေးအတွင်းမှ ကွမ်းကုန်သည် ဝင်းဇော်ဦး၊ မြင်းခြံမြို့ အေးမြသီတာဈေးမှ ကုန်စိမ်းသည်၊ ညောင်ဦးမြို့ မဏိစည်သူဈေးအတွင်းမှ ကြက်သားသည်မချိုချို၊ မိတ္ထီလာမြို့ ဈေးကြီးအတွင်းမှ ပျံကျအထည်သည် မနီလာသန်းတို့ကလည်း စည်ပင်သာယာရေးအဖွဲ့က ချေးငွေများထုတ်ချေးပေးသဖြင့် ဝမ်းသာမိကြောင်း၊ မိသားစုဝင်ငွေတိုး၍ ပြောမပြတတ်အောင် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ပြင်ဦးလွင်ဈေးအတွင်းမှ ငါးသည်မလေး မချယ်ရီဦးကလည်း "ငါးရောင်းရန်အတွက် အရင်းအနှီး ငွေကျပ် တစ်သိန်းကျော် ရင်းနှီးရကြောင်း၊ ယခုကဲ့သို့ စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၅၀၀၀၀ ထုတ်ချေးပေးသဖြင့် ဝမ်းသာမိကြောင်း"၊ ရမည်းသင်းမြို့က ဘေထုတ်(ခ) ဖျာပုံသည် ဦးဇော်လင်းကလည်း "ဈေးရောင်းလာသည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ မိသားစုငါးဦးရှိကြောင်း၊ ယခုစည်ပင်သာယာရေးအဖွဲ့က လမ်းဘေးဈေးသည်အား ငွေကျပ် ၁၀၀၀၀၀ ထုတ်ချေးကြောင်း၊ အစက ကြားရတာ မယုံကြောင်း၊ ယခုကိုယ်တွေ့ချေးရသဖြင့် အတိုင်းမသိ ဝမ်းသာမိကြောင်း" ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်အနက် တစ်ခုအပါအဝင်ဖြစ်သော အသေးစားငွေကြေးဝန်ဆောင်မှု အစီအစဉ်ဖြင့် ဆင်းရဲသည့် ခေါင်းရွက်ဗျပ်ထိုး ပျံကျဈေးသည်များနှင့် အနေ့းယာဉ်လုပ်သားများအား ငွေထုတ်ချေးပေးခဲ့သဖြင့် ဆင်းရဲသားပျံကျဈေးသည်များမှာ မိသားစုဝင်ငွေလည်ပတ်မှုကောင်းမွန်ပြီး ပိုင်ဆိုင်မှုမြင့်မားလာကာ စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အခက်အခဲများ အသင့်အတင့် ပြေလည်သွားသဖြင့် ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်သူများအား ပျံကျဈေးသည်များက အထူးပင်ကျေးဇူးတင်လျက်ရှိနေပါကြောင်း ဝမ်းသာဂုဏ်ယူစရာ သတင်းကောင်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

မိတ္ထီလာပျံကျဈေးအတွင်းမှ အထည်သည် မနီလာသန်းက စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်တစ်သိန်း ထုတ်ချေးသဖြင့် ပြောမပြတတ်အောင် ကျေးဇူးတင်ဝမ်းသာကြောင်း ပြောပြစဉ်။

မြင်းခြံအေးမြသီတာဈေးမှ ကလေးတစ်ယောက်မိခင် ပျံကျကုန်စိမ်းသည် မမေဇင်ဦးကလည်း အတိုးသက်သာစွာဖြင့် ချေးငွေထုတ်ချေးသဖြင့် ကိုယ်ပိုင်အရင်းအနှီးဖြင့် ရောင်းချနိုင်ပြီဖြစ်ကြောင်း ပြောပြစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာနန်းကျေးရွာ အခြေခံပညာတွဲဖက်အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ အုတ်မြစ်စီပေးသည်။ အခမ်းအနားတွင် အလှူရှင်များက ကျောင်းဆောင်သစ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာ ကွင်းအမှတ် (၃၀၀၂)ရှိ တောင်သူ ဦးကျော်ဝင်း၏ ရွှေဘိုပေါ်ဆန်းစပါးမျိုး သုံးဧက စက်ကွက်ရိတ်သိမ်းနေမှု၊ ရွှေဘို-မူးကမ်းကြီးလမ်းပိုင်း လမ်းပခုံးသားတိုးချဲ့နေမှုနှင့် မူးမြစ်ကူးတံတား(ရန်ကြီးအောင်) တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အရာတော်မြို့နယ် အုတ်ရှစ်ကြီးကျေးရွာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး နောင်ကြီးအိုင်-သစ်ကျင်းကြီး-သာစည်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာ တောင်သူဦးကျော်ဝင်း၏ ရွှေဘိုပေါ်ဆန်းစပါးမျိုး သုံးဧကစက်ကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးသုံးစွဲမှု အသိပညာပေး ပိုစတာပြပွဲနှင့် ဟောပြောပွဲကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၈

ကချင်ပြည်နယ် မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့က ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့ရှိ မိုးညှင်း ဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ မူးယစ်ဆေးဝါးသုံးစွဲမှု အသိပညာပေး ပိုစတာပြပွဲနှင့် ဟောပြောပွဲကို ကျင်းပရာ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မိုးညှင်းဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာတင်ရွှေ၊ ပြပွဲဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဝင်းမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ် ခင်မောင်ရီက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ (ကြေးမုံ)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

မီးဘေးသင့် မိသားစုများအတွက် ပစ္စည်းမျိုးစုံ ထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်မိသားစုများအတွက် အိမ်ထောင်စုတစ်စုလျှင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ၂၀ စီကို ဇန်နဝါရီ ၇ ရက်တွင် အဆိုပါရပ်ကွက်၌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ် ၅၂၆၀၀၀၀ ကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့မှ လာရောက်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကျော်စိုးတို့က ဂုဏ်ပြုလက်မှတ် ပြန်လည်ချီးမြှင့်စဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၁၂ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "သာသနာရဲ့အနှစ်တရား" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆း၃၀ ထူးထူးခြားခြားပဲခူးမြို့မှ မြွေဘုရား
- ၆း၄၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၄)**
- ၈း၄၅ လူ့ရှင်တော် 5 Star အငြိမ့် (အပိုင်း-၃)
- ၉း၂၅ Activities In The City
- ၉း၄၀ လျှို့ဖွယ်မြတ်သက်န်းရယ်နှင့် ဂုဏ်တင့်ကာ ဝင့်ထည်စေမည့် ရတနာမွန်
- ၉း၅၅ 'မေသျှင်ဝန်း' ခံစားသီဆိုထားသော 'ညရေးချညာ' VCD ဖြန့်ချိခြင်း
- ၁၀း၁၀ နဒီနက္ခတ်ပညာအကြောင်း ဆွေးနွေးခန်း
- ၁၀း၄၀ The Champion of Dance
- ၁၁း၁၅ Activities In The City
- ၁၁း၃၅ ကလေးများအတွက် ပျော်စရာ ပန်းလှိုင်ဆေးရုံ၏ မိခင်နှင့်ကလေးများနေ့မှာ
- ၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၉)**
- ၁၂း၂၀ ကထိန်လှူရ မြတ်ဒါန
- ၁၂း၄၀ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၁း၀၀ "သာသနာရဲ့အနှစ်တရား" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၄)**
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၁)**
- ၄း၀၀ MNL Myanmar 2012 (Zwekapin United FC Vs Hantharwady United FC) (LIVE)
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၂)**
- ၇း၁၀ Four FLAVOURS Show (အပိုင်း-၁)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈း၅၀ ဗီဒီယိုပြခန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၅)**
- ၁၀း၁၅ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၀)**
- ၁၁း၁၀ Sunday Talk (ဒေါက်တာထွန်းလွင်၊ မျိုးမြတ်သူ)
- ၁၁း၃၀ Celebrity Choice
- ၁၁း၃၅ အလင်းဗေဒ၏ ရနံ့သစ်ခြေသံ
- ၁၁း၅၅ ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ
- ၁၂း၂၀ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၁၂း၅၀ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ)(အပြည့်လွှဲခြင်း၊ သဲကျင်းဘန်ကာရိုက်ချက်)
- ၁း၀၀ Celebrity Profile
- ၁း၂၅ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
- ၁း၄၅ လှပသစ်ဆန်းအလှပြင်ခန်း
- ၂း၁၀ လီဆူးသဘာဝရိုးရာအလှ
- ၂း၄၀ အကြံကောင်းဉာဏ်ကောင်းနှင့် ဝင်ငွေတိုးစေမည့် အရည်အသွေးကောင်းကြံသီးနှံ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ လယ်တီသာသနာ၊ လယ်တီကျောက်စာ
- ၄း၃၀ ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
- ၄း၄၀ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
- ၅း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၀	Arsenal - Leeds United	Star Sports

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆိုင်ကယ်တိုက်၊ တိမ်းမှောက်မှုများဖြစ်ပွား

မိတ္ထီလာ ဇန်နဝါရီ ၈

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်း ကျားသေကန်ကျေးရွာ မိုင်တိုင်အမှတ် (၃၇၅/၁) အနီးတွင် ဇန်နဝါရီ ၁ ရက် ည ၁ နာရီက ဆိုင်ကယ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကြောင်း၊ ဆိုင်ကယ်မောင်းသူ မင်းကိုနိုင်မှာ ဦးခေါင်းထိခိုက်ပြီး သေဆုံးသွားကြောင်း၊ ဆိုင်ကယ်နောက်မှစီးလာသည့် ကျော်ကျော်လွင် (၂၄) နှစ်မှာလည်း ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် ဝမ်းတွင်းဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ထားရကြောင်း သိရသည်။

ထို့အပြင် မိတ္ထီလာခရိုင် သာစည်မြို့နယ် ဟံဇားရဲစခန်းအပိုင် တမာကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၅၂/၆) အနီးတွင် ဇန်နဝါရီ ၁ ရက်ညက မန္တလေးမြို့မှ မိတ္ထီလာမြို့သို့ ပျော်ဘွယ်မြို့ မြို့သစ်ရပ်နေ ဦးသန်းထွန်း(၄၀)နှစ် မောင်းနှင်သည့် ၈ဈ/နီဆန်း ၁၂ ဘီးကားနှင့် ဝမ်းတွင်းမြို့နယ် ကုန်းပန်းရွာနေ ခင်မောင်အေး(၄၀)နှစ် စီးလာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိပြီး ခင်မောင်အေးမှာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ထို့အတူ မိတ္ထီလာ-သာစည်ကားလမ်း ဆုံတွင် အောင်ဇေယျာရပ်ကွက်နေ ကိုသန်းစိုး(၃၉)နှစ် အနောက်မှ အရှေ့သို့စီးလာသော နံပါတ်မပါ ဆိုင်ကယ်အား မဟာစည်ရပ်နေ မီတာစာရေး(လျှပ်စစ်ဝန်ထမ်း) ကိုတင်ဇာလင်း (၃၅)နှစ်စီး လာသော ၁၃ယ/----- ဟွန်ဒါဆိုင်ကယ်က နောက်မှအရှိန်ဖြင့် ဝင်တိုက်မိ၍ ဆိုင်ကယ်စီးသူ ကိုသန်းစိုးနှင့် ကိုတင်ဇာလင်းတို့မှာ ပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း သိရသည်။ (၁၁၁)

လမ်းပေါ်မှကောက်ယူလာသော ကော်ဖီမစ်တစ်ထုပ် ဖျော်နှမသုံးဆောက်စားသုံးမိ တစ်ဦးသေ၊ နှစ်ဦးဆေးရုံရောက်

မအူပင် ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သောင်ဇာကျေးရွာအုပ်စု နတ်စင်ကုန်း ကျေးရွာတွင် ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲက မိခင်ဖြစ်သူ ဒေါ်ကြည်ဆင် အလုပ်သွားနေခိုက် မကျော့ကျော့ခိုင် (၈)နှစ်၊ ညီမ မခင်မျိုးကျော်(၄)နှစ်၊ မောင်ဖြစ်သူ မောင်ဇော်မင်းထွေး (၂)နှစ်တို့ သုံးယောက်သည် နေအိမ်ရှေ့ လမ်းမပေါ်တွင် တွေ့ရှိရသော ကော်ဖီမစ်တစ်ထုပ်ကို နေအိမ်သို့ ယူဆောင်လာပြီး မကျော့ကျော့ခိုင်က ညီမနှင့် မောင်လေးတို့အား ကော်ဖီမစ်အိတ်အတွင်းမှ အမှုန့်အနည်းငယ်စီ ကျွေးပြီး ကျန်ရှိသောအမှုန့်အချို့ကို ရေဖြင့်ဖျော်သောက်လိုက်ရာမှ အစ်မဖြစ်သူ မကျော့ကျော့ခိုင်မှာ သေဆုံးသွားသည်။ ညီမ မခင်မျိုးကျော်နှင့် မောင်ဖြစ်သူ မောင်ဇော်မင်းထွေးတို့ နှစ်ဦးမှာလည်း မူးဝေအော့အန်ခြင်းများ ဖြစ်နေခြင်းကြောင့် ကျေးရွာသူ၊ ကျေးရွာသားများက ခတ္တိယတိုက်နယ်ဆေးရုံသို့ တင်ပို့ကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မအူပင်မြို့နယ် သောင်ဇာကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံမြင့်အောင်က လေးအိမ်စုရဲကင်းမှူး ဒုရဲအုပ်ကြည်လှိုင်ထံ ဖုန်းဖြင့် အကြောင်းကြားသဖြင့် အခင်းဖြစ်ပွားရာသို့ သက်သေများဖြင့် သွားရောက်စစ်ဆေးရာ ကော်ဖီမစ်ထုပ်မှာ မူရင်းမဟုတ်ဘဲ အသုံးပြုပြီးသားအိတ်ခွံအတွင်း အန္တရာယ်ဖြစ်စေသော ဆေးမှုန့်များ ထည့်သွင်းပြီး အိတ်ခွံကို မီးဖြင့် ပြန်ပိတ်ထားခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ထို့ကြောင့် ဒုရဲအုပ် ကြည်လှိုင်က မအူပင်ရဲစခန်း၌ အမှုဖွင့် တိုင်တန်းသဖြင့် သေမှုသေခင်းအမှတ် (၁၁-၂၀၁၁)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ကလေးသုံးဦး၏ ဖခင် ဦးထွန်းမြင့်မှာ လွန်ခဲ့သည့်တစ်နှစ်ခန့်က ကွယ်လွန်ခဲ့ပြီး မိခင်ဖြစ်သူမှာလည်း အခင်းဖြစ်နေ့က တွံတေးရိုးမြောင်းကျေးရွာသို့ ကောက်စိုက်သွားနေချိန်တွင် အထက်ပါဖြစ်ရပ် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ (၅၅၂)

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မီးလောင်

ပဲခူး ဇန်နဝါရီ ၈

ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် နယ်မြေ(၈)မင်းလမ်း ငါးခန်းတွဲဆိုင်ခန်းများရှိ ကိုထွန်းလင်းကို(ကွန်ပျူတာ) ဆိုင်ခန်းမှ လျှပ်စစ်ဝါယာအပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့ရာ မီးသတ်ကား လေးစီး၊ အရန်မီးသတ် ၄၀၊ သန္ဓေမီးသတ် ၁၀ ဦး၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် စုစုပေါင်းအင်အား ၁၅၀ ခန့် မီးငြိမ်းသတ်ခဲ့ရာ ၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းခဲ့ပြီး ဆုံးရှုံးမှုကာလ တန်ဖိုးတစ်သိန်းနှစ်သောင်းခန့် ဆုံးရှုံးခဲ့၍ စတင်လောင်ကျွမ်းခဲ့သော ဆိုင်ပိုင်ရှင် ထွန်းလင်းကိုအား သက်ဆိုင်ရာမှ အရေးယူထားကြောင်း သိရသည်။ (၅၈၈)

မွန်ပြည်နယ်ဝန်ကြီးချုပ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆုများချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၈

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အဆင့်မြင့်တန်း စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မော်လမြိုင်မြို့ မြို့မဆိပ်ခံဗောတံတား၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် သံလွင်မြစ်အတွင်း ရေလှော လှော်ပြိုင်ပွဲများ၊ ပျော်ပွဲစားကစားဘုတ်များဖြင့် ပြည်သူများ ပျော်ရွှင်စွာ စီးနင်းနေမှုနှင့် မော်လမြိုင်မြို့ပေါ် ရပ်ကွက်အသီးသီး၌ ကျင်းပသည့် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများတွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ချမ်းမြသာစည်မြို့နယ်၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၈

မန္တလေးမြို့တော် မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းထွန်းဇော်နှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမျိုးနိုင်တို့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် ကွင်းအမှတ်(၅၃၇) မြရည်နန္ဒာကွင်းအတွင်းရှိ တောင်သူဦးထွန်းဝေ၏ ဧရာမင်းစပါးမျိုး ခြောက်ဧကတွင် စပါးစံကွက် ရိတ်သိမ်းကြရာ**(အပေါ်ပုံ)** ကောင်းအဆင့် စပါးတစ်ဧက တင်း ၉၀ နှုန်းထွက်ရှိကြောင်း တွေ့ရှိရပြီး တောင်သူဦးလှမြင့်၏ ဧရာမင်းစပါးမျိုးတစ်ဧကကို ဆက်လက်ရိတ်သိမ်းရာ ညံ့အဆင့် စပါးတစ်ဧက ၅၈ ဒသမ ၅၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးအောင်ခိုင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမှ ဒေါ်ခင်သန်းဝင်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် စပါးစိုက်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၆၉)

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန(IBC)၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး ဆုရရှိကြသောကလေးများနှင့် သားကောင်းမိခင်များအား ဆုချီးမြှင့်စဉ်။ (၅၄၃)

လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့်သဝဏ်လွှာဖတ်ကြား

တောင်တွင်းကြီး ဇန်နဝါရီ ၈

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က တောင်တွင်းကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

နံနက် ၇ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

(၅၈၀)

○ ကျားသစ်တစ်ကောင်မှ

ကျားသစ်သည် အစာရှာရန်အလို့ငှာ မြို့အနီးရှိတောင်ကုန်းများမှတစ်ဆင့် လမ်းမှားရောက်ရှိလာခြင်းဖြစ်သည်ဟု ယူဆရကြောင်း သစ်တောဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ဂူဝါဟာတီမြို့မှာ တောင်ကုန်းများပတ်လည်ဝန်းရံနေပြီး သစ်တောများလည်း ထူထပ်စွာဖုံးလွှမ်းနေသည်။

လူနေအိမ်ရာများကို သစ်တောဧရိယာများအတွင်း တိုးချဲ့ဆောက်လုပ်ရာမှ သားရိုင်းတိရစ္ဆာန်များ၏ စားကျက်များ ပျောက်ဆုံးလာကာ လူသားများကို သားရိုင်းတိရစ္ဆာန်များ၏တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာရသည်။

အင်တာနက်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချယ်ရီအောင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

စစ်မှုထမ်းဟောင်း ထောက်ပံ့ငွေပေးအပ်

မင်္ဂလာဒုံ ဇန်နဝါရီ ၈

မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မော်ကွန်းဝင် ၁၃ ဦး၊ အသက်(၇၅) နှစ်အထက် ၂၅၀ ၊ ရာနှုန်းပြည့်မသန်စွမ်း ၁၄ ဦး၊ တစ်စိတ်တစ်ပိုင်း မသန်စွမ်း ၁၁၀ နှင့် ကျန်အဖွဲ့ဝင် ၂၅၃၀ တို့အား ထောက်ပံ့ငွေကျပ် ၇၇၉၀၀၀၀ ပေးအပ်ခဲ့ပြီး နယ်မြေခွဲမှူးများအား စစ်မှုထမ်းဟောင်းလုံချည်များပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေများကို ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နာယကများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအောင်လှ(ငြိမ်း) **(အောက်ပုံ)**တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မင်းဘူးအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၈

မင်းဘူးမြို့နယ်အသင်း၏ (၆၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၀- ၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ဇန်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသား၊ သမီးများစာရင်းကို ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးသိန်းနိုင်(ငြိမ်း) ဖုန်း-၇၃၀၀၇၀၇၁၊ ဒေါ်ခင်စိန်ဝင်း ဖုန်း-၅၆၀၆၁၁၊ တက္ကသိုလ် စိန်တင် ဖုန်း-၅၈၀၄၅၅၊ ဦးကျော်သီဟ ဖုန်း-၅၀၀၅၅၇၊ ဦးမျိုးသက်အောင် ဖုန်း-၇၃၀၆၁၉၆၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ် (၂/က) စံပြရပ်ကွက် ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဖိုးဆယ်နှင့် ရပ်မိရပ်ဖ ဗိုလ်ကြီးကျင်ရှိန်(ငြိမ်း)တို့က (၆၄)နှစ် မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်စဉ်။ (၅၃၂)

ကလေးပြိုင်ပွဲကျင်းပ

လင်းခေး ဇန်နဝါရီ ၈

၂၀၁၂ ခုနှစ်(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လင်းခေးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မွေးကင်းစမှ နှစ်နှစ်အောက် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်က လင်းခေးမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အဆိုပါ ကလေးပြိုင်ပွဲကို မွေးကင်းစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ်အထိကလေးများ၏ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အာဟာရ ဖွံ့ဖြိုးမှုတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့ကြည်နှင့် မိခင်နှင့်ကလေးကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက စစ်ဆေးအမှတ်ပေးခဲ့ကြသည်။

ယင်းနေ့တွင် ပြိုင်ပွဲဝင်ကလေးဦးရေ အသက်အပိုင်းအခြားအလိုက် ၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(၆၆၂)

ဘိုးလင်းပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် (၆၄) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်း အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲများကို ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် နေပြည်တော် ဘိုးလင်းအားကစားခန်းမ၌ ကျင်းပရာ ဆုရရှိကြသူများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီး လောင် လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပြည်သူ့ထံမှ ပေးစာများ

ရပ်ကွက်ရေနုတ်မြောင်းများပိတ်ဆို့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် ရန်ကင်းလမ်း အပါအဝင် လမ်းတိုင်းတွင် ရေမြောင်းများ ပိတ်ဆို့နေမှုကြောင့် လမ်းများပျက်စီးပြီး နေအိမ်အချို့တွင် ရေများဝင်ခြင်း၊ ရေများဝပ်ခြင်းများကြောင့် ခြင်များပေါက်ဖွားပြီး ကျန်းမာရေး ထိခိုက်နိုင်ပါသဖြင့် ရေနုတ်မြောင်းများအား တစ်ရပ်ကွက်လုံး တစ်ပြေးညီတူးဖော်နိုင်ရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရန်ကင်းလမ်းသား**

လမ်းပိတ်နေသော ကျူးကျော်အိမ် ရှင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် မင်းရဲကျော်စွာလမ်းထိပ်တွင် ကျူးကျော်အိမ်များ ပိတ်ဆို့နေသောကြောင့် ကားများ ဖြတ်သန်းသွားလာ၍ မရခြင်း၊ လောင်စာဆီများ သိုလှောင်ရောင်းချခြင်း၊ ဂက်(စ်)အိုးများဖြင့် အိတ်ဇောများ ဖာထေးခြင်းတို့ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်နေရပါ၍ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူများ**

အမှုန့်ကြိတ်စက်သံနားမခံသာ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် နယ်မြေ(၁၃) အောင်ချမ်းသာလမ်းထိပ်ရှိ အမှုန့်ကြိတ်စက်သည် နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ အမှုန့်မျိုးစုံကြိတ်လျက်ရှိရာ ဆူညံသံများကြောင့် အနီးဝန်းကျင်ရှိ အိမ်များမှာ နားမခံသာအောင် ဖြစ်နေရပါသည်။ စက်သံနှင့်အမှုန့်နံ့များကြောင့် သက်ကြီးရွယ်အိုများပါ ကျန်းမာရေးထိခိုက်နေပါသဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဝန်ဇင်းသား

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ကနီမြို့နယ် ပင်ထောင်ကြီးဝိုင်း၌ ၂၀၀၉ ခုနှစ်တွင် စိုက်ပျိုးထားသော စီးပွားကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ချင်းပြည်နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ထောက်ပံ့ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကနီမြို့နယ် ပင်ထောင်ကြီးဝိုင်း၌ ၂၀၀၉ခုနှစ်တွင် စိုက်ပျိုးထားသော စီးပွားကျွန်းစိုက်ခင်းဧက ၂၀၀ ကို စစ်ဆေးပြီး စိုက်ခင်းများတည်ထောင်ရာတွင် မြေနေရာရွေးချယ်မှု မှန်ကန်ရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ တည်ထောင်ပြီးစိုက်ခင်းများမပျက်စီးစေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ အရာရှိများအား စွမ်းဆောင်ရည် ပိုမိုမြင့်မားစေရေးအတွက် မွမ်းမံသင်တန်းများဖွင့်၍ သစ်တောစီမံအုပ်ချုပ်မှုပညာများ သင်ကြားပေးရန်တို့ကို မှာကြားသည်။

ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းတို့သည် တလန်ဇောလ်-လာတီး ကျေးရွာချင်းဆက်ကားလမ်း ရှစ်မိုင်ဖောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက ဒေသထွက်ကုန်များကို ကလေး-ဖလမ်းကားလမ်းသို့ ကားဖြင့် တင်ပို့နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဖလမ်း-ခွန်လီကျေးရွာချင်းဆက် ကားလမ်း ၁၄ မိုင်နှင့် လိုင်ဗား-လေးလက်ကျေးရွာချင်းဆက်ကားလမ်း ၁၅ မိုင်တို့ကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဟားခါးမြို့ ချင်းပြည်နယ် ပြည်ထောင်စုရိပ်သာ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ယနေ့ သတင်းအညွှန်း

နိုင်ငံတော်က နှစ်စဉ်ဝယ်ယူ တင်သွင်းနေရသော စားသုံးဆီလိုအပ်ချက်ကို နေကြာသီးနှံဖြင့် ဖြည့်ဆည်း

ပြည်တွင်းသတင်း စာမျက်နှာ - ၃

ရပ်ကွက်ဖွံ့ဖြိုးရေး လမ်းပေါင်းနှစ်ထောင်ကျော် အဆင့်မြှင့်တင်ခင်းကျင်းနိုင်ခဲ့

သတင်းမှတ်စု စာမျက်နှာ - ၇

နှစ်သစ်ကာလအထိမ်းအမှတ်အဖြစ် အကျဉ်းကျ အိန္ဒိယရေလုပ်သားများကို ပါကစ္စတန်ပြန်လွှတ်ပေး

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

လူသားများ အသက်(၄၅)နှစ်အရွယ်တွင် ဦးနှောက်စွမ်းအား စတင်ကျဆင်းနိုင်

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

ရတနာပုံအသင်း အိမ်ကွင်း၌ နိုင်ပွဲရ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် ဇန်နဝါရီ ၈

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗထူးကွင်း၊ အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်းနှင့် YUSC ကွင်းတို့၌ ဆက်လက်ကျင်းပသည်။

(ဗထူးကွင်း)

ရတနာပုံ-တစ်ဂိုး

(ရန်ပိုင်)

Southern-**ဂိုးမရှိ**

ချန်ပီယံဟောင်း ရတနာပုံအသင်းမှာ အိမ်ကွင်းတွင် နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။ Southern အသင်း၏ ခံစစ်ကစားပုံ ကောင်းမွန်မှုကြောင့် ရတနာပုံအသင်းမှာ ဖိကစားနိုင်ခဲ့သော်လည်း ဂိုးရရန် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသည်။ ရတနာပုံအသင်းအား အမှတ်ပြည့်ရစေမည့် တစ်လုံးတည်းသောအနိုင်ဂိုးကို မိနစ် ၇၀ တွင် တိုက်စစ်မှူး ရန်ပိုင်က သွင်းယူပေးခဲ့သည်။ အခုပွဲ အနိုင်ရလဒ်ကြောင့် နည်းပြသစ် ဂျိုးဇက်လည်း မျက်နှာပန်းလှသွားခဲ့သည်။

(ပဒုမ္မာကွင်း)

ကမ္ဘောဇ-နှစ်ဂိုး

(ကျော်ဇေယျာဝင်းနှင့် မိုင်းအိုက်နိုင်)

ချင်းယူနိုက်တက်-ဂိုးမရှိ

(YUSC **ကွင်း)**

ရက္ခပူရယူနိုက်တက်-နှစ်ဂိုး

(အန်ဒရေ)

နေပြည်တော်-နှစ်ဂိုး

(ဂွန်နသန်နှင့်ဇော်ထက်အောင်)

(အောင်ဆန်းကွင်း)

မနော‌မြေ-ဂိုးမရှိ

မကွေး-ဂိုးမရှိ

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ဇွဲကပင်-ဟံသာဝတီ

ရတနာပုံ တိုက် စစ် မှူး ရန်ပိုင် အနိုင် ဂိုး သွင်းယူနေ စဉ်။

ကျားသစ်တစ်ကောင်မြို့ထဲဝင်တိုက်ခိုက်၍ လူလေးဦးဒဏ်ရာရ

အာသံ ဇန်နဝါရီ ၈

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းမြို့တော် ဂူဝါဟာတီရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ မျက်စိလည်လမ်းမှားပြီးရောက်ရှိလာသော အရွယ်ရောက်ပြီးကျားသစ်အကောင်ကြီးတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် လူလေးဦးဒဏ်ရာရရှိသွားသောဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဆီလ်ဖူခူရီရပ်ကွက်အလယ် လူစည်ကားသော လမ်းတစ်ခုရှိ အိမ်တစ်အိမ်အတွင်းသို့ ကျားသစ်က ပြေးဝင်သွားခဲ့ပြီး ထိုနေရာတွင်ရှိနေသော လူများကို တိုက်ခိုက်ရာမှ ယခုကဲ့သို့ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အိမ်အတွင်း ယောက်ယက်ခတ်လှုပ်ရှားနေသော ကျားသစ်ကို သုံးဘီးမောင်းသူတစ်ဦးက တံခါးပိတ်ထားလိုက်ပြီးနောက် သစ်တောဌာနမှ ဝန်ထမ်းများရောက်ရှိလာကာ အဆိုပါသားရိုင်းသတ္တဝါကို မေ့ဆေးဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။

မျက်မြင်တွေ့ရှိသူတစ်ဦးက မိမိတို့သည် အိမ်အတွင်း၌ကျားသစ်ကိုတွေ့ရှိလိုက်ချိန်တွင် ထိတ်လန့်ချောက်ချားကာ ကြက်သေသေသွားခဲ့ကြောင်း၊ ချက်ချင်းဆိုသလိုပင် ကျားသစ်က စတင်ကုတ်ဖဲ့တိုက်ခိုက်ခဲ့ကြောင်း ပြန်လည်ပြောကြားသည်။

မျက်နှာနှင့် ဦးခေါင်းတို့တွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားသူတစ်ဦးကို ဆေးရုံတင်ကုသထားရကြောင်း၊ ကျားသစ်ကိုမူ ဂူဝါဟာတီမြို့ အာသံပြည်နယ်တိရစ္ဆာန်ရုံသို့ ပို့ဆောင်လိုက်ကြောင်း သတင်းတွင် ဖော်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍